ဦးစားပေး
PAR AVION
BY AIR MAIL




# သင့်အတွက် စာတစ်စောင်

**ISBN 978-3-96162-978-7**

© 2023 by GBV Dillenburg GmbH
www.gbv-dillenburg.de

Courtesy of
Verbreitung der Heiligen Schrift, www.vdhs.com

Printed in Germany

© photos: panthermedia.net et al.



# သင့်အတွက်

## အထူးစာ

ယခုသင့်လက်ထဲမှာရှိသောစာသည် သင့်အတွက်ရည်ရွယ်၍ အထူးလိပ်မူသောစာဖြစ်သည်။"ဤစာစောင်များသည် လွန်ခဲ့သောနှစ်ပေါင်းများစွာက စာရွက်ပေါ်ရေးသားခဲ့တဲ့စာ မဟုတ်လားဟု" "ထင်ကောင်းထင်ပါလိမ့်မည်။" မှန်ပါတယ်၊ ထိုစာများကို စာပုဒ်ဖြင့်သော်၎င်း၊ အီးမီးလ်ဖြင့်သော်၎င်း ပြန်လည်ရေးသားလာကြပါတယ်။

သို့သော် ဒီဂျစ်တယ်ခေတ်ကြီးမှာလည်း အထူးစာများကို စာရွက်ပေါ်ရေးခြင်းကို နှစ်သက်ကြသည်။
ထိုသို့ရေးရခြင်းမှာ သူတို့၏ တန်ဖိုးထားမှု၊ အရေးကြီးစာဖြစ်ကြောင်းပြသခြင်းဖြစ်သည်။

ဥပမာ၊တော်ဝင်မိသားစုထံမှ မင်္ဂလာဆောင်ပွဲဖိတ်စာကို အီးမီးလ်မှတဆင့်ရရှိမည်ဆိုရင် အလွန်အံ့ဩသွားမည်မဟုတ်လား။

သို့ဖြစ်၍ သင်ကိုင်ဆောင်နေတဲ့ အထူးစာစောင်လေးကို အချိန်ယူ ဖတ်စေချင်တယ်။ အရေးကြီးတယ်၊ ဘယ်တော့မှ နောင်တရမည် မဟုတ်ပါ။

ဤစာစောင်တွင် မြင်တွေ့ရမည့် အံ့ဘွယ်အကြောင်းအရာများမှာ -

- တန်ဖိုးကြီးသော အခြားစာစောင်များ
- ကမ္ဘာပေါ်တွင် အဓိပ္ပါယ်အနက်ဆုံး စာမူများ
- ယခုချိန်ထိ တန်ဖိုးမဖြတ်နိုင်သည့် တည်ကြည်မြဲမြံသော တရားတော်များ တွေ့မြင်ရလိမ့်မည်။



ဤတန်ဖိုးမဖြတ်နိုင်သော စာစောင်၊ သမ္မာကျမ်းစာအုပ်သည် သင့်အတွက် ဘုရားသခင်ထံမှ တိုက်ရိုက်လာသည်။

>>> ဤစာအုပ်ကို ဖွင့်၍ ဖတ်ရှုလျှင် ကြီးမားသော မင်္ဂလာရရှိပိုင်ဆိုင်မည်ဖြစ်သည်။



# သင့်အတွက်စာတစ်စောင် – သမ္မာကျမ်းစာအုပ်

**သမ္မာကျမ်းစာအုပ်သည် ကောင်းကင်မှ လာသော ပေးစာကဲ့သို့ ဖြစ်သည်။**

ဘုရားသခင်သည် စကြဝဠာတစ်ခုလုံးကို ဖန်းဆင်းသော အံ့ဖွယ်ဖန်ဆင်းရှင် ဖြစ်သည်။ သင့်ကိုအသက်ပေး၍ သင့်ရဲ့အလုံးစုံကိုလည်း သိကျွမ်းသူ ဖြစ်သည်။ သင်သည် ကံကြမ္မာကြောင့် ဖြစ်လာတာမဟုတ်ပါ။ သူသည် သင်နှင့်ဆက်ဆံချင်လို့ ဤစာစောင်အားဖြင့် မေတ္တာကိုပြ၍ သင့်ကိုတိုက်ရိုက် ကမ်းလှမ်းနေပါသည်။

ဘုရားသခင်၏ပေးစာကို မသိသေးဘူးလား။ သင့်ရဲ့အိမ်တောင့်တစ်နေရာရာမှာ မဖတ်ရသေးဘဲရှိနေနိုင်တယ်။ တချို့ပေးစာများဟာ အမှတ်တမဲ့ ဘေးဖယ်ထားသကဲ့သို့ ရှိနိုင်တယ်။ လေးလေးနက်နက် ဖတ်ကြည့်ပါ။ ဘုရားသခင်၏ပေးစာ သမ္မာကျမ်းစာအုပ်သည် သင့်အတွက် ဖွင့်လျက်ရှိနေသည်ဖြစ်၍ ဖတ်ကြည့်ပါ။

ကျမ်းစာ မရှိသေးဘူးလား။ ကျွန်ုပ်တို့ အခမဲ့ ပို့ပေးပါမည်။
ဤစာအုပ်ရဲ့နောက်ဆုံး စာမျက်နှာမှာ ဆက်သွယ်နိုင်တဲ့ လိပ်စာ ရှိပါတယ်။





# ပြိုင်ဘက်ကင်းတဲ့စာ

ဟုတ်ကဲ့၊ ဤနေရာတွင် သမ္မာကျမ်းစာအုပ်သည် ဘုရားသခင်၏ နှုတ်ကပတ် တော် “သင့်အတွက် စာတစ်စောင်”ဟု ဆိုလိုကြောင်းသင် နားလည်လောက်ပြီ၊ ဆိုလိုရင်းနှင့်လည်း အံကိုက်ပါသည်။ ဤပြိုင်ဘက်ကင်းတဲ့စာစောင်ရေးသူသည် ဘုရားသခင်ဖြစ်သောကြောင့်အလွန်အရေးကြီးပါသည်။

ဟုတ်ကဲ့၊ ဒါအမှန်ပဲ။ သို့သော် သူတို့တစ်ဦးခြင်းထံသို့ ဘုရားသခင်က နှုတ်တိုက်ချ၍ရေးကြတယ်။



**အနာဂတ္တိစကားသည် လူ့ အလိုအားဖြင့် ဖြစ်ဖူးသည် မဟုတ်၊ သန့်ရှင်းသူတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ တိုက်တွန်းတော်မူခြင်းကို ခံရ၍ ဟောပြောကြသည်။**

၂ ပေ ၁း၂၁

**ဘုရားသခင်က သူတို့ရဲ့ ပင်ကိုယ်ဉာဏ်စွမ်းရည်၊ပညာ၊ ၎င်းတို့၏ ယဉ်ကျေးမှုနောက်ခံ၊ ၎င်းတို့၏ လူမှုရေး နောက်ခံနှင့် ရေးနည်းများကို မစကူညီ ပံ့ပင်ပေးသည်။**

**ဘုရားသခင်အလိုရှိသည့်အတိုင်း စကားလုံး တစ်ခုခြင်း ရေးကြသည်။
ဤသည်မှာ ‘မှုတ်သွင်းခြင်း’ ဟုခေါ်သည်။**

## သမ္မာကျမ်းစာအုပ်များ

**သမ္မာကျမ်းစာအုပ်တွင် အပိုင်း(၂)ပိုင်း ရှိသည်။**

ဓမ္မဟောင်းကျမ်း (၃၉ အုပ်)
ဓမ္မသစ်ကျမ်း (၂၇ အုပ်)

**ဓမ္မသစ်ကျမ်းတွင် -**

- ခရစ်ဝင်ကျမ်း (၄) ကျမ်း
- တမန်တော်ဝတ္ထု
- ဩဝါဒပေးစာ (၂၁) စောင်
- ဗျာဒိတ်ကျမ်း

သမ္မာကျမ်းစာက ဘဝအသက်တာ၏ အဖြေကို ပေးပါသည်။ သမ္မာကျမ်းစာ ဖတ်ရှုခြင်းဖြင့် သင့်ဘဝကိုဘုရားသခင်၏ မေတ္တာတော်ဖြင့် ပြောင်းလဲစေ၍ အပြုသဘောဆောင်သည့် အခွင့်ထူးများကို တွေ့ကြုံခံစားစေမည်။



## 'ခေတ်မီနည်း ပညာ၌ ကျွန်ခံသူများ '

သင်သည်လည်း ခေတ်မီနည်းပညာ၌ ကျွန်ခံနေပါသလား သို့မဟုတ် သင့် အတွက်အဓိပ္ပါယ်ရှိပါသလား။ အွန်လိုင်း ပေါ်မှာ အချိန်ကုန်ပါသလား၊ သင့်ရဲ့နောက်ဆုံးပေါ် စမတ်ဖုန်း၊ တက်ဘလက်နဲ့ဘဲ အချိန်ကုန်ပါ သလား၊ အွန်လိုင်းပေါ်မှာဘဲ အချိန်ကုန်ပါက သင့်ဘဝကို အင်တာနက် သတင်း အကြောင်းများက လွှမ်းမိုးချုပ်ကိုင်သွားပါမည်။ လူတကာနှင့် ဆက်ဆံနေတာ ဘာအကြောင်းထူး ရှိလို့လဲ မထင်မှတ်ဘဲ အချိန်ကုန် လူပင်ပန်း၊ အသိတရား တွေလည်း ဗုံကြွသလိုရှုပ်ထွေး ကုန်ရော၊ သင့်ဘဝ ညစ်ညူး တာဟာ မဆန်းပါလား။ ထိုမျှမကသေးပါ၊ ထိုအကျင့်ဆိုး များက ဘုရားသခင်အကြောင်း ဘုရားတရား ဆင်ခြင်ဖို့ ဆီးတားနေတယ်။

**အကြံပေးပါရစေ** - အကယ်၍ဘုရားသခင်ကို သင်ကိုယ်တိုင်သိကျွမ်းလိုလျှင်သမ္မာကျမ်းစာကို ထားခဲ့၍ မရပါ။ ဖတ်ဖို့လိုတယ်၊ ကျမ်းစာဖတ်ရန် သင့်ရဲ့ဘေးပတ်လည် ငြိမ်ဝပ်စွာ ရှိဖို့လိုတယ်၊ အနှောင့်အယှက် ပေးနိုင်တဲ့အရာ မှန်သမျှ ပိတ်ဖို့ လိုတယ်။ သို့ပြုလျှင်သင့်ဘဝအတွက်ဘယ်လောက်ပင် ကောင်းလဲ အံ့ဩသွားစေရမည်။ သင့်အတွေးတွေက အကောင်းမြင်လာ ပြီး၊ အရင်က မကြုံဘူးတဲ့ ခံစားမှုဖြူစင်တဲ့အတွေးတွေရှိလာမည်။

သမ္မာကျမ်းစာ ဖတ်ရှုခြင်းဖြင့် သမ္မာတရားသိလာမည်၊ သင့်ကိုချစ်၍ လေးနက်သောဘဝ ၊ အောင်မြင်သောပန်းတိုင်သို့ ပို့ဆောင်ပေးလိုသော သင့်ကို တစ်ကယ်စိတ်ဝင်စားနေသော ပုဂ္ဂိုလ် အကြောင်းသိလာမည်။

စာမျက်နှာ ၆၂ နှင့် ၆၃ တွင် ဘယ်လိုကျမ်းစာ ဖတ်ရမည့်အကြောင်း တွေ့ပါလိမ့်မည်။

**ကျေးဇူးပြု၍ ဆက်ကြိုးစားပါ။**



# သမ္မာကျမ်းစာသည် ခေတ်နှင့် တပြေးညီပါသလား

လူတော်တော်များက ရှေးဟောင်းစာအုပ်ကို အယုံကြည်မရှိ၊ စိတ်မဝင်စားကြ။ ယနေ့ခေတ်လူများကလည်း သမ္မာကျမ်းစာကို ယုံကြည်ဖို့ မဖြစ်နိုင်ဘူးလို့ ခံယူကြတယ်။

ထိုကဲ့သို့သော ခံယူကြသည်ကို မီဒီယာများက ထောက်ခံကြတယ်၊ လူများကလည်း မေးစရာပင်မလို လက်ခံကြတယ်။

သို့သော် ဆင်ခြင်တုံတရားနှင့် အသိဉာဏ်တရားက သမ္မာကျမ်းစာကို ငြင်းပယ်တယ်ဆိုတာ ပုံမှန်ပါ။

သို့သော် သမ္မာကျမ်းစာ၏ လေးနက်မှုနှင့် အဓိပ္ပါယ် မှန်ကန်ကြောင်း အတည်ပြုချက်များကို အောက်ပါစာမျက်နှာများတွင် တွေ့ရပါမည်။

**ဘုရားသခင်၏ နှုတ်ကပတ်တရားတော်ကို လိုက်နာ၍ ကျင့်စောင့်သောသူသည် မြတ်စွာသော မင်္ဂလာရှိသည်ဟုမိန့်တော်မူ၏။**

ကျမ်းစာ - လုကာ၊ ၁၁း၂၈

# အံ့ဘွယ်သော ဆီလျော်ညီညွတ်ခြင်း



ကျွန်ုပ်မိတ်ဆွေတစ်ဦးသည် တူရိယာပညာရှင်ဖြစ်၍ တူရိယာမျိုးစုံကို ကျွမ်းကျင်စွာတီးခတ်နိုင်သည်။ သူ့ကွန်ပျူတာကို အသုံးပြု၍ အသံသွင်းခြင်းနှင့် အနုပညာအလုပ်တွေ ဖန်တီးပါတယ်။

သူပြောပြသည်မှာ - 'ဦးစွာ နဲ့ကိုယူပြီး အမြင့်ဆုံးအသံ တီးတယ်။ ဒါဟာ ပထမဆုံး သွင်းရမည့်တီးသံဖြစ်ပါတယ်။ ဒုတိယမှာ ပထမသွင်းထားတဲ့ တီးသံကို မဖြတ်ဘဲ အဲ့ဒီအပေါ်မှာ တစ်ဆင့်နိမ့်အသံ **(Alto)**ကို ထပ်မံသွင်းတယ်။ ဒီနည်းအတိုင်း အနိမ့်ဆုံးသံ **(bass)** ရောက်တဲ့ထိတူရိယာခြောက်မျိုးကို ထပ်၍ သွင်းတယ်။ ထိုသို့ရှစ်မျိုးထိပေါင်းစပ် ဖန်တီးထားတယ်။ ရလာတဲ့ အသံကို နားထောင်ကြည့်ချင်ကြလား။



သံစုံတီးဝိုင်းကြီးတစ်ခု၏ မြိုင်ဆိုင်မြူးကြွတီးမှုတ်သံ ကြားရပါသည်။
တူရိယာပညာရှင် တစ်ဦးက တီးသံစုံ ဖန်တီးနိုင်သည်မှာ အံ့မခန်းကျွမ်းကျင်မှုမဟုတ်လော။
သမ္မာကျမ်းစာအုပ်လည်း ထိုနည်းအတိုင်းဘဲဖြစ်တယ်။ မတူကွဲပြားသော လူ(၄၀)ကျော်က ရေးခဲ့ကြတယ်။ ဖန်တီးရှင်၊ ဘုရားသခင်၊ သန့်ရှင်းသောဝိညာဉ်တော်က လူအယောက်(၄၀)ကို မှုတ်သွင်းကာ 'တူရိယာ'အဖြစ် အသုံးပြုသည်။

**သမ္မာကျမ်းစာအုပ်၏ တစ်အုပ်စီတိုင်းမှာ သူ့ဟာသူ ဂုဏ်အင်္ဂါရှိကြသည်။ ဘုရားသခင် အကြံစီတော်အတိုင်း ဆီလျော်ညီညွတ်ကြသည်။ ဒါဟာ သမ္မာကျမ်းစာ၏ အံ့ဩဘွယ်တစ်ခုဖြစ်သည်။**

– **သမ္မာကျမ်းစာ၏ဆီလျော်ညီညွတ်မှု ထူးခြားချက်များ စေ့စေ့စပ်စပ်သိရှိရန် သမ္မာကျမ်းစာကို ဖတ်ပါ။**





# အချည်းနှီး စောင့်ခြင်း

သမ္မာကျမ်းစာဟာ ရှေးဟောင်းစာဖြစ်၍ ခေတ်မမီတော့ကြောင်း၊ ယနေ့ခေတ် စူးစမ်းရှာဖွေ တွေ့ရှိချက်နှင့် ဆန့်ကျင်ဘက်ဖြစ်ကြောင်းကို သမ္မာကျမ်းစာ တစ်စက်လေးပင် ဂရုမစိုက်တဲ့ လူတစ်ယောက်က ခရစ်ယာန်လူငယ်တစ်ယောက်ကို ယုံကြည်စေချင်တယ်။ ဒါနဲ့ သိပ္ပံပညာ၊ ဒဿနိကဗေဒနှင့်ဆိုင်တဲ့စာမူ ခေါင်းစဉ်တစ်ချို့ကိုပေးပို့လိုက်တယ်။

သို့သော် လူငယ်လေးရဲ့ ယုံကြည်ခြင်းဟာ ယိမ်းယိုင်တုန်လှုပ်ခြင်းမရှိခဲ့ပါ။

လူငယ်လေးက ပြန်ပြောသည်မှာ 'အကယ်၍ သင့်မှာ တောင်ပေါ်ဒေသနာ (မ၊၅-၇) ကောင်းသောရှမာရိ၊ ပျောက်သောသား(သို့မဟုတ်) ရှုခါရေတွင်းနားရှိ မိန်းမကြောင်း(လု ၁၀၊၁၅၊ ယော ၄)ထက် ကောင်းတဲ့ တရားတော်ရှိလျှင်၊ အကယ်၍ ဆာလံ ၂၃ထက် နှစ်သိမ့်ပေးတဲ့တရားတော်ရှိလျှင် သို့မဟုတ် ဘုရားသခင်က ငါ့ကိုချစ်လို့တစ်ဦးတည်းသောသားတော် ယေရှုခရစ် ပေးသည့်အကြောင်း သို့မဟုတ် အနာဂတ်အကြောင်းကို သမ္မာကျမ်းစာထက် ရှင်းရှင်းလင်းလင်းဖော်ပြပေးနိုင်တဲ့ အကြောင်းတစ်ခုခုရှိလျှင် အမြန်ဆုံး ပို့ပေးပါ'ဟု ပြန်ပြောလိုက်တယ်။

**ပြန်စာရဖို့ အချည်းနှီး စောင့်ခဲ့ရသည်။**

**သမ္မာကျမ်းစာနှင့် နိုင်းယှဉ်ပြိုင်နိုင်တဲ့စာအုပ်တစ်အုပ်မျှမရှိပါ၊ အကြောင်းရင်းက ရိုးရှင်းပါတယ်၊ သမ္မာကျမ်းစာဟာ ဘုရားသခင်ရဲ့ စာအုပ်ဖြစ်နေလို့ပါ။**

## သမ္မာကျမ်းစာဟာ ကျွန်ုပ်တို့ထံ မည်သို့ရောက်ရှိလာပါသနည်း

### လူတို့သည် မည်ကဲ့သို့ ရေးမှတ်ခဲ့ကြသနည်း

ဘီစီ ၃၀၀၀

လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀၀၀ ကျော်က စာရေးဆရာတို့သည် စာရွက်နှင့်မျှင်ကို အသုံးမပြုခဲ့ပါ။ သူတို့သည် စာရေးလိုလျှင် - ရှေးခေတ်စာရေးနည်းဖြစ်တဲ့ သပ်ပုံစာရေးနည်းကို အသုံးပြုကြသည်။ ရွှံ့စေးပြားကို လုပ်၍ ထိုမြေစေးပြား ပေါ်မှာ အမှတ်အသား၊ လက္ခဏာများကို ထွင်းသည်၊ ပြီးနောက်အခြောက်ခံသည်၊ သို့မဟုတ် မီးနှင့် အပူပေးသည်။

ယနေ့ ရှုရိ (Syria) နှင့် အာရှုရိ (Iraq) နိုင်ငံရှိ မြို့ဟောင်းများပြန်လည် တူးဖော်သည့်အခါ လွန်ခဲ့သောနှစ် ထောင်ပေါင်းများစွာက ထိုကဲ့သို့ ထွင်းထုရေးထားသော ရွှံ့ပြားများကို တူးဖော်တွေ့ရှိ ကြသည်။





ထိုအချိန်တွင် အီဂျစ်လူများက ခြားနားသော စာရေးနည်းဖြစ်သော ပုံပြရေးနည်း (pictographic) နှင့် အမှတ်လက္ခဏာပြ ရေးနည်း (hieroglyphics) ကို တီထွင်ကြသည်။ ထိုလက်ရာများကို ပိရမစ်များ၌ တွေ့နိုင်သည်။

ဘီစီ ၁၅၀၀

ရှေးဟောင်းသုတေသနပညာရှင်များက နှစ်ပေါင်းများစွာ ကြိုးပမ်းအားထုတ်မှုကြောင့် ရှေးအကျဆုံးဖြစ်သော ထိုစာရေးသားနည်းကို ဖေါ်ထုတ်နိုင်ကြပြီဖြစ်သည်။ ထိုကဲ့သို့သော စာရေးသားနည်းက ကြီးမားသောအခွင့်အရေးများစွာ ဆုံးရှုံးစေသည်။ ရာနှင့်ချီသော လက္ခဏာအမှတ်အသား စဉ်းစားရှာဖွေရသည်။ ၁၅၀၀ ဘီစီ နောက်ပိုင်းမှသာ အက္ခရာရေးနည်း တီထွင်နိုင်ခဲ့သည်။

ဘီစီ ၁၀၀၀

ထိုအက္ခရာကို အနည်းငယ်အပြောင်းအလဲလုပ်၍၊ ၁၀၀၀ ဘီစီ လောက်တွင် ကျယ်ကျယ်ပြန့်ပြန့်ရှိ လာသည်။ ယနေ့ ကျွန်တော်တို့အသုံးပြုသော လက်တင်(Latin)အက္ခရာသည် ထိုစာကို အခြေခံသည်။



ရွှံ့စေးပြားအပြင်၊ ကျောက်၊ သစ်သားများပေါ်တွင် ရေးသားလာကြရာမှ နှစ်ပေါင်းရာချီကြာလာသောအခါ၊ ပေရွက်ပင်မှ လုပ်သော ပေရွက် (papyrus) ပေါ်၌ ရေးသားလာကြသည်။ နောက်ပိုင်းတွင် သားရေပြား များပေါ်တွင် ရေးသားလာကြသည်၊ (သားရေသည် တိရစ္ဆာန်အရေခွံဖြင့် ပြုလုပ်) ပြီးမှလိပ်သည်။



သမ္မာကျမ်းစာရေးသားသည့် အချိန်တွင်လည်း ဘုရားသခင်က အံ့ဩဘွယ်ရာဖြင့် စီစဉ်လမ်းပြ ကွယ်ကာခဲ့သည်။ ရိုးရိုးလေးဖြစ်ပေမဲ့ ရှင်းလင်း တဲ့ရေးသားနည်း အသုံးပြုခဲ့သည်။

### ရေးသားခြင်း၊ စုစောင်းခြင်း၊ ထိန်းသိမ်းခြင်း

ဘီစီ ၄၀၀

သမ္မာကျမ်းစာကို မောရှေက ပထမဆုံး ရေးသားသည်။ ဖြစ်ပျက်ခဲ့သောအရာများကို မှတ်တမ်း ရေးသားရန် ဘုရားသခင်ကတာဝန်ပေးစေခိုင်းတော်မူကြောင်း အကြိမ်ကြိမ် ဖတ်ခဲ့ရသည်။

ဘုရားသခင် ရွေးကောက်သောလူများက ဓမ္မဟောင်းကျမ်းအမျိုးမျိုးကို စုစောင်း၍ ဂရုတစိုက် သိမ်းဆည်းကြသည်။ ၄၀၀ ဘီစီခန့်တွင် ဓမ္မဟောင်းကျမ်း ရေးသားခြင်း ပြီးစီး နိုင်ခဲ့သည်။ ဟေဗြဲ ဘာသာစကားဖြင့် ရေး၍၊ အာရမိ ဘာသာစကားဖြင့်လည်း အနည်းငယ်ရေးသည်။

အေဒီ ၁၀၀

သခင်ယေရှု ခရစ်တော် အသေခံ၍ ကောင်းကင်ဘုံသို့တက်ကြွတော်မူပြီး ပထမရာစုနှစ်မှ ဓမ္မသစ်ကျမ်း ဖြစ်သော ခရစ်ဝင်ကျမ်းနှင့် ဩဝါဒပေးစာများကို ဂရိဘာသာစကားဖြင့် ရေးသည်။ ထိုအချိန်တွင် ဂရိဘာသာစကားသည် ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုသော ဘာသာစကား ဖြစ်သည်။ မောရှေသည် ၁၄၀၀ ဘီစီလောက်တွင် ဆုံးသည်။ ထို့ကြောင့် သမ္မာကျမ်းစာ ရေးသားသည့် ကာလသည် နှစ်ပေါင်း ၁၅၀၀ လောက်ရှိသည်ဟု ဆိုနိုင်သည်။

# အပြီးသတ်ခဲ့သည် အဆုံးသတ်သွားပြီ

ကနဦးယုံကြည်သူများဖြစ်တဲ့ ဗွေဆော်ဦးခရစ်ယာန်များသည် သန့်ရှင်းသော ဝိညာဉ်တော်၏ ဦးဆောင်လမ်းပြမှုဖြင့် မည်သည့်စာအုပ်သည် ကျမ်းစာ ဖြစ်သည် မဖြစ်သည်ကို သိကြသည်။ စံမီကျမ်းစာ (အစစ်အမှန် = canonical) နှင့် ကျမ်းပယ် (အစစ်အမှန်မဟုတ် = apocryphal ) ကို ခွဲခြားနိုင်တဲ့ အချက်များ သိရှိကြသောကြောင့် အမှားအယွင်းမရှိ ရှင်းရှင်းခွဲခြားနိုင်ကြသည်။

မာတင်လူသာ (Maritin Luther) က ကျမ်းပယ် (**apocryphal** ကျမ်း)သည် သမ္မာကျမ်းစာအုပ် နှင့် တန်းတူဖြစ်သည်ဟု မဆိုနိုင်ဟု မှတ်ချက်ပေးသည်။ ဤစာပုဒ်များကို ဖတ်ရှုလျှင် သမ္မာကျမ်းစာနှင့် ဆန့်ကျင်ဘက် ဖြစ်ကြောင်း သိရှိနိုင်သည်။ သခင်ယေရှုနှင့် တမန်တော်များ၏ ဘဝ သမိုင်းအ ကြောင်းများကို မှတ်တမ်းတင်ရေးသားရာတွင် ကျမ်းစာ၌ဖော်ပြသောအကျင့်ဂုဏ်အင်လက္ခဏာ၊ သမိုင်းအကြောင်း၊ ပထဝီနေရာနှင့်ဆိုင်တဲ့ အချက်များတွင် များစွာအမှားအယွင်း တွေ့ရသည်။ ၁၅၄၅ ခုနှစ် တာရီတ ခရစ်ယာန်ကောင်စီ အစည်းအဝေးတွင် (council of Trent) ဤကျမ်းပယ်သည် အခြား ကျမ်းစာအုပ်များနှင့် 'တန်းတူ' ဖြစ်ကြောင်းအတင်းအကျပ်ကြေငြာခိုင်းသည်။ အကြောင်းမှာ ထိုကောင်စီ၏ အခြားလူမှုရေး ယုံကြည်ချက်များ ထောက်ခံမှုရှိရန်ဖြစ်သည်။ ဤအချက်အားဖြင့် ကျမ်းပယ်စာအုပ်သည် ဘုရားသခင်မှ အစမပြုကြောင်း ထင်ရှားပါသည်။ သို့ဖြစ်၍ ကျမ်းပယ်ကို မဖတ်ဘဲ သမ္မာကျမ်းစာကို စေ့စေ့ဖတ်ဖို့ လိုသည်။

ဘုရားသခင်၏ နှုတ်ကပတ်တော်သည်
သန့်ရှင်းသော ဝိညာဉ်တော်၏ ဦးဆောင်မှုဖြင့်
စီစစ်ရွေးချယ်သော ကျမ်းစာအုပ်ဖြစ်သည်၊ ထိုသို့အပြီးသတ်
ဆောင်ရွက်ခဲ့ကြသည်။

ကျမ်းစာကို ဘုရားသခင်၏ နှုတ်ကပတ်တော်ဟုခေါ်သည်၊ အဘယ့်ကြောင့်ဆိုသော် လူ့ထံမှ မဟုတ်၊ ဘုရားသခင်ထံမှ လာသောကြောင့်ဖြစ်သည်။ ယနေ့အချိန်မှာလည်း ကျမ်းစာသည် ယုံကြည်ခြင်း၊ လူ့ဘဝအတွက် အချုပ်အချာအာဏာစက်ဖြစ်သည်။

**ကောင်းကင်နှင့်မြေကြီးမတည်သော်လည်း ငါ့စကားတည်လိမ့်မည်။** ကျမ်းစာ - မဿဲ၊ ၂၄း၃၅

# ယုံကြည် စိတ်ချရသော စာမူကျမ်း

စာမူကျမ်းပေါင်း ၅၀၀၀ ကျော်နှင့် ဂရိဘာသာစကားဖြင့် ရေးသားထားသော ဓမ္မသစ်ကျမ်းမူ အစိတ်အပိုင်းများစွာ ထိန်းသိမ်းထားခဲ့ကြသည်။ ထိုကျမ်းမူများအနက် အထင်ရှားဆုံးမှာ (Codex Sinaiticus) ကျမ်းမူဖြစ်သည်။ ထိုကျမ်းမူသည် သုံးရာစုလောက်က ထိန်းသိမ်းခဲ့၍ ယနေ့တိုင်အောင် ထိန်းသိမ်းရသော ဂရိကျမ်းစာအုပ် ဖြစ်သည်။ ၁၈၅၉ ခုနှစ်တွင် ပညာရှင် Constantine Von Tischendorf က သိနာတော် Saint Catherine's Monastery တွင် ရှာဖွေတွေ့ရှိသည်။ တန်ဖိုးဖြတ်၍ မရသော ဤဘဏ္ဍာ ကျမ်းမူတွင် ဓမ္မဟောင်းကျမ်းအချို့နှင့် ဓမ္မသစ် ၂၇ ကျမ်းအပြည့်အစုံ ပါသည်။ ဆက်ပြောရရင်၊ မူရင်းကျမ်းမှ ရှေးဘာသာပြန်ဆိုမှု ဖြစ်သော အခြားသော ဓမ္မသစ်ကျမ်းမူ အစိတ်အပိုင်း ၉၀၀၀ ကျော်ရှိသည်။ ထင်ရှားကျော်ကြားသော အသင်းတော် ဖခင်ကြီးများ၏ ကိုးကားကျမ်းပုဒ် ၃၆၀၀၀ ရှိသည်။ ဤအချက်က မူရင်းကျမ်းကို ပြန်လည်စီစစ်တည်ဆောက်ကြောင်း ရာနှုန်းပြည့် ပြောနိုင်သည်။



သိနာတောင်ရှိ Saint Catherine's Monastery တွင် Codex Sinaiticus ကို ၁၉ရာစု အလယ်လောက်က ရှာဖွေတွေ့ရှိခဲ့သည်။

ဓမ္မသစ်ကျမ်းတွင် ဘုရားသခင်၏ သမ္မာတရားတော်သည် စံမီကျမ်းမဟုတ်ဟူ၍ သံသယ ရှိစရာ တစုံတရာမှ မရှိနိုင်ပါ။

**သမ္မာကျမ်းမူကို ထောင်စုနှစ်တိုင် ထိန်းသိမ်းသိုလှောင်ထားရှိခဲ့ပုံသည် တမူထူးခြားသည်။**

# ကုရ်ရန်ဂူများ

၁၉၄၇ ခုနှစ်တွင် ဘတ်ဒေါ်အင်အမျိုး (Bedouin tribe)လူငယ်တစ်ယောက်သည် ပျောက်နေသော ဆိတ်ကို လိုက်ရှာရာမှ ပင်လယ်သေ အနီးရှိ ကုရ်ရန် ကျောက်ဆောင် ချောက်ကမ်းပါးရှိ လှိုဏ်ဂူက်လှိုင်ဂူဝင်ပေါက်ကို တွေ့ရှိခဲ့သည်။

ထိုဂူထဲသို့ကျောက်ခဲပစ်ချလိုက်ရာ၊ မထင်မှတ်ဘဲ မြေအိုးကွဲသံကြား သည်။ ဘာများဘာလိမ့် ဆိုပြီး အံ့အားသင့်ခဲ့သည်။

ထိုဆန်းပြားလှတဲ့ဂူထဲသို့ သတိကြီးစွာ တိုးဝင်တော့သည်။ မြေအိုးထဲတွင် သားရေလိပ်ကို ရွက်ထည်စဖြင့်ရစ်ပတ်၍ ထည့်ထားသော မြေအိုး များစွာ တွေ့ရှိခဲ့သည်။ အလွန်ပင် ဟောင်းနွမ်းပြီဖြစ်သော်လည်း တန်ဖိုး မဖြတ်နိုင်သော ကျမ်းမူများဖြစ်သည်။ နှစ် ပေါင်း ၁၉၀၀ လောက်ကြာခဲ့ပြီ ဖြစ်သော်လည်း အံ့အားသင့် လောက်အောင် အကောင်းအတိုင်း ရှိနေပါသည်။

ထိုသိုးကျောင်းသားသည် စာလိပ်ကို ယူဆောင်ပြီး ရှေးဟောင်းသုတေ သီပညာရှင်များအား ပြသရာ အထူးအံ့ဩစိတ်ဝင်စားသွားကြသည်။ သို့ ဖြင့် ဆန်းပြားလှသော စာမူများကို ရှာဖွေရန် လောဘကြီးသော လူများ နှင့် သုတေသီပညာရှင်များက စိတ်အားထက်သန်စွာ စွန့်စားလာကြသည်။ ထိုစာမူလိပ်၏ တန်ဖိုးသည် သိန်းသန်းမကတန်ဖိုးကြီးမားသည်။ ထိုသို့ ကွမ်ရန်ဂူမှ လေးနက်သော ရှာဖွေတွေ့ရှိမှုကြောင့် သုတေသီပညာရှင်များ တိုးတက်စေပါသည်။ ဟေရှာယ အနာဂတ်တိကျမ်းအပြည့်အစုံတွေ့ရှိမှုသည် ကျွန်ုပ်တို့အတွက်အရေးကြီးဆုံးနှင့်ရှေးအကျဆုံး ကျမ်းမူဖြစ်သည်။







ဘီစီ ၂ ရာစုမှ ရေးသားခဲ့သော ထိုစာမူကျမ်း၏ စာပေသဒ္ဒါအရ မှန်ကန်မှုနှင့် ပတ်သက်၍ သံသယကင်းစွာ စိတ်ချယုံကြည်နိုင်သည်။ ဟေဗြဲကျမ်းမူ ဟေဗြဲကျမ်းစာအုပ် ဖြစ်တဲ့ ထိုထက် နှစ်ပေါင်း ၁၀၀၀ ငယ်သော Masoretic ကျမ်းမူနှင့် ဟေရှာယကျမ်းသည် အခြေခံအားဖြင့် ခြားနားခြင်းမရှိသည်ကို သုတေ သီပညာရှင်များက တွေ့ရှိသောအခါ အံ့ဩကြသည်။ ထိုကျမ်းမူသည် တစ်ခုနှင့်တစ်ခု ကွက်တိ တူညီသည်ကို အံ့အားသင့်စေသည်။

ကျမ်းမူလိပ်များ စဉ်ဆက်မပြတ် သိမ်းထားရှိနေသောကြောင့် ကျမ်းစာလေ့လာသူများက သမ္မာကျမ်းစာတွင် အမှားအယွင်းရှိသည်ဟုဆိုကြသည်။ သို့သော် ရာစုနှစ်ပေါင်း များစွာက ထိုဟေရှာယကျမ်းမူကို တွေ့ ရှိကြသောအခါ သမ္မာကျမ်းစာ၌အမှားပါသည် ဟူသော အယူအဆသည် လွဲမှားနေကြောင်း သိရှိလာသည်။

ကွမ်ရန်တွင် သုတေသီများက ရှာဖွေတွေ့ရှိမှုများအထဲမှ ဓမ္မဟောင်းကျမ်း ၂၅၀ ကျမ်းစာလိပ်သည် ပြန်လည်ကူးရေးသော ကျမ်းမူဖြစ်သော်လည်း စာပေသဒ္ဒါအရ မှန်ကန်ကြောင်း လက်ခံနိုင်သည့် အနေအထားတွင် ရှိသည်။

ဘုရားသခင်သည် နှုတ်ကပတ်တော်ကို ကွယ်ကာစောင့်မတော်မူသောကြောင့်မပြောင်းလဲနိုင်ပါ၊ ကျွန်ုပ်တို့ဆုပ်ကိုင်ထားရမည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည်ကျောက်ဆောင်ကဲ့သို့ဖြစ်သည်၊ မရွေ့လျော့နိုင်ပါ။

**ထာဝရ ဘုရား၏ နှုတ်ကပတ်တော်မူကား ကာလအစဉ်အမြဲတည်၏။**
**ကျမ်းစာ - ၁ပေ ၁း၂၅**

# ကျမ်းစာထုတ်ဝေခြင်း

## အတိတ်နှင့် ပစ္စုပ္ပန်



လွန်ခဲ့သောနှစ်ပေါင်း (၅၀၀)မှ ကမ္ဘာပေါ်ရှိ ပုံနှိပ်လုပ်ငန်း တိုးတက်ပြောင်းလဲလာခဲ့သည်။ ထိုမတိုင်မီ၊ တစ်ယောက် ယောက်က ကျမ်းစာအုပ် အပိုင်လိုချင်လျှင် လက်ဖြင့် ကူးရေးရသည်။ အချိန်ကုန်သည်သာမက၊ ငွေကြေးရေးလည်း အကုန်အကျများသည်။

မူရင်းကျမ်းမူကို ထိန်းသိမ်းထားလိုလျှင် ရှေးအကျဆုံး မူရင်း ကျမ်းကို သိရှိနားလည်ဖို့လိုသည်။ အဆက်ဆက်ပြန်လည် ကူးရေးသောကျမ်းမူကအပြောင်းအလဲများ၍ အန္တရာယ် ရှိသည်။





မူကျမ်း ရှာဖွေတွေ့ ရှိမှုက အံ့ဩဘွယ်အရာများ သက်သေထူစေသည်။ ထင်ရှားကျော်ကြားသော ဟေဗြဲကျမ်းစာအုပ် မူကျမ်းပေါင်း ၃၀၀၀ ကျော်သည် တစ်ခုနှင့်တစ်ခု ထပ်တူ ထပ်မျှတူညီသည်မှာ မှတ်သားလောက်ပေသည်။ ထိုအချက်က ကျမ်းမူကို အတည်ပြုစေသည်။ လွန်ခဲ့သောနှစ်ပေါင်း ၃၅၀၀ ကျော်က ရှေးအကျဆုံးကျမ်းစာသည် ယနေ့ ကျွန်တော်တို့ခေတ်တွင် အတိအကျမြင်တွေ့နိုင်ပြီ။



မည်သို့ ဖြစ်နိုင်မည်နည်း၊ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ရိုသေလေးစားခြင်းအားဖြင့် ဂျူးလူမျိုးများက ပြန်လည်ကူး ရေးရာတွင် စာပေဒ္ဒါအရမှန်ကန်မှုနှင့် ပတ်သက်၍ စည်းမျဉ်းများစွာ စောင့်ထိန်းကြသည်။ ဥပမာ၊ စာလုံး သို့မဟုတ် စာလုံး တစ်ခုခြင်းစီရေတွက်၍ အကြိမ်ကြိမ် ပြန်လည်စိစစ်သည်။
ယနေ့တွင် နောက်ဆုံးပေါ် ပုံနှိပ်စက်များဖြင့် အချိန်အနည်းငယ်အတွင်း ကျမ်းစာအုပ် မြောက်များစွာ ထုတ်ဝေနိုင်ပြီ။

တစ်ချိန်တည်းမှာ ဒီဂျစ်တယ် အွန်လိုင်းပေါ်တွင် ကျမ်းစာများနှင့် ကျမ်းစာအက်ပ်များ အခမဲ့ရရှိနိုင်သည်။



ဘုရားသခင်၏ နှုတ်ကပတ်တော်သည်
တိုးပွားများပြားလေ၏။
ကျမ်းစာ - တ၊ ၁၂း၂၄

# ကျမ်းစာ နှင့် သိပ္ပံ

ရှေးလွန်လေပြီးသော ထိုစာအုပ်က သဘာဝတရားအကြောင်း၊ သမိုင်းဖြစ်ရပ်များ ကို အချိန် နှင့် တပြေးညီ ဘယ်လိုလို့ဖေါ်ပြနိုင်မှာလဲ၊ သမ္မာကျမ်းစာမှန်ကန်ကြောင်း သိပ္ပံနည်းပညာနှင့် ပြသလို့ မရဘူးလား။

သမ္မာကျမ်းစာဖေါ်ပြသော ကမ္ဘာမြေကြီးနှင့် ပတ်သက်၍ ယခုခေတ်သိပ္ပံနည်းပညာနှင့် ပြသဖို့ ကြိုးစားခဲ့ကြပြီ။ အချက်နှစ်ချက်ကြည့်စေချင်သည်။

## မြေကြီးအခံရှိသလား



**ကမ္ဘာမြေကြီးသည် ပြား၍ နေက ပတ်သည်ဟု ဘုရားသခင်က မဆိုဘူးပေ။ သိပ္ပံပညာရှင်များက နှစ်ပေါင်းများစွာ ထိုသို့ ယုံကြည်ကြသည်။ သို့သော် ရှေးအကျဆုံးသမ္မာကျမ်းစာတွင် ဘုရားသခင်က 'မိုးကောင်းကင်သည် လွတ်လပ်လဟာ၌ ကြက်တော်မူ၏။ မြေကြီးသည် အခုအခံမရှိ ဆွဲထားတော်မူ၏။' (ယောဘ၊ ၂၆း၇)**

## ရှဖန်ယုန်သည် စားမြုံ့ ပြန်သလော။



အာရနဘက်(တောယုန်ကြီး)သည် စားမြုံ့ပြန်သော်လည်း ခွာမကွဲသော ကြောင့် သင်တို့၌ မစင်ကြယ်၊ (ဝတ်၊ ၁၁း၆)။

တောယုန်ကြီးသည် စားမြုံ့ပြန်သည် ဆိုသည်မှာ မမှန်ကန်ကြောင်း ရာစုနှစ်များစွာ လက်ခံကြသည်။

သို့သော် ၁၉ ရာစုနှောင်းပိုင်း တွင်အဝင်အထွက်နှစ်မျိုးရှိကြောင်း နားလည် လာသည်။ တစ်ခုက အာဟာရအဖြစ် ဝါးစားပြီး၊ တစ်ခုက စုပ်ယူသည်။



နှစ်ပေါင်းများစွာ ရှာဖွေပြီးမှ သိပ္ပံပညာရှင်များသည် သမ္မာကျမ်းစာ မှန်ကန်ကြောင်းလက် ခံလာသည်။ ပြီးတော့၊ သိပ္ပံနည်းကျ ရှေးဟောင်း သုတေသီပညာရှင်များ၏ ဖြစ်ရပ်မှန် ရှာဖွေတွေ့ရှိချက်များလည်း ကျမ်းစာနှင့် ဆန့်ကျင်ဘက်မရှိ။





## အခြားလွဲမှားမှုရှိသေးသလား။၊

စကြဝဠာတစ်ခုလုံးကို ဖန်ဆင်းတော်မူသော ဘုရားသခင်က သူနှင့် ဆန့်ကျင်ဘက်ဖြစ်သော သမ္မာကျမ်းစာကို ပေးမည်လော။ မဖြစ်နိုင်ပါ၊ ဘုရားသခင် ထင်ရှားစွာ ဖေါ်ပြပေးတဲ့ ဖန်ဆင်းခြင်းနှင့် နှုတ်ကပတ်တော်သည် အချင်းချင်းအတည်ပြုကြသည်။

# သမ္မာကျမ်းစာ၏ တရားတော်

## ဘုရားသခင်က သင့်ကို ဖန်ဆင်းသည်

ထိုသို့ဘုရားသခင်သည် မိမိသဏ္ဌာန်တော်နှင့်အညီ လူကို ဖန်ဆင်းတော်မူ၏။ ဘုရားသခင်၏ပုံသဏ္ဌာန်တော်နှင့်အညီ လူယောကျ်ား၊ လူမိန်းမကို ဖန်ဆင်းတော်မူ၏။ (က၊ ၁း၂၇)

သင်သည် ဘုရားသခင်ဖန်ဆင်းရာ ဖြစ်သည်။ တစ်လောကလုံးမှာ သင့်လို လူ တစ်ယောက်တည်းသာ ရှိသည်။ သင်၏ခန္ဓာကိုယ်၊ ၎င်း၏ လုပ်ဆောင်မှု၊ ဦးနှောက်၊ အတွင်းအင်္ဂါများတို့သည် ဝင်းလက် တောက် ပစွာ ဘုရားသခင်ဖန်ဆင်းသည်။ အလိုလိုဖြစ်လာသည်ဟု ခံယူချက်က သက်သေပြစရာ တစ်ခုတစ်လေမျှ မရှိရအောင် ဘုရားသခင်က မိမိပုံသဏ္ဌာန်တော်နှင့်အညီ လူကို ဖန်ဆင်းသည်။ ထိုသို့ဖန်ဆင်းခြင်းမှာ ဘုရားသခင်သည် ဖန်ဆင်းရှင်ဖြစ်ကြောင်း အထံတော်သို့ ကိုယ်စား သက်သေပြရန် ဖြစ်သည်။

**သို့သော်လူသည် အပြစ်နွံထဲသို့ ကျရောက်၍ ဘုရားသခင်နှင့်ဝေးကွာသွားသည်။**

## သို့ဖြစ်၍ ဘုရားသခင်က သင့်ကို “အပြစ်သား” ဟု မှတ်ယူသည်။

ခြားနားခြင်းအလျှင်းမရှိ၊ လူအပေါင်းတို့သည် ဒုစရိုက်ကို ပြု၍ ဘုရားသခင် ရှေ့တော်၌ အသရေပျက်ကြပြီ။ (ရော၊ ၃း၂၂ နှင့် ၂၃)

အပြစ်ကျူးလွန်တယ်ဆိုတာ ဘုရားသခင်ကို နာခံမှုမရှိဘဲ ပြုခြင်းကို ခေါ်သည်။ အပြစ်ဆိုသည်မှာ မြင်နိုင်တဲ့ကျူးလွန်မှုဖြစ်ဖြစ်၊ အော်ကြီးအော်ကျယ် ပြုခြင်း၊ မှားယွင်းတဲ့ အတွေးဖြစ်ဖြစ်ခြား နားခြင်း မရှိပါ။ သခင်ယေရှုက မုန်းတီးခြင်းသည် လူသတ်မှု ကဲ့သို့ အပြစ်ကြီးသည်ဟု ဆိုသည်။



## ဘုရားသခင်သည် သင့်ကို တရားစီရင်သောအရှင်

လူသည် တခါတည်းသေ၍ ထိုနောက်မှ တရားစီရင်တော်မူခြင်းကို ခံရမည်။ (ဟေဗြဲ၊ ၉း၂၇) ဘုရားသခင်သည် သန့်ရှင်း၍ ဖြောင့်မတ်တော်မူသောသူ ဖြစ်သည်။ ထို့ကြောင့် တစ်နေ့သောအခါ ဘုရားသခင်၏ဇာတိတော် သဘောနှင့် မကိုက်ညီသော အရာမှန်သမျှ တရားစီရင်မည်။ အပြစ်ခွင့် လွှတ်ခြင်းမရဘဲ သေသောသူမှန်သမျှ ဘုရားသခင်နှင့် ခွဲခွာခြင်းခံရကြမည် ဟု သမ္မာကျမ်းစာက အတိအလင်းပြောသည်။ အထက်ကောင်းကင်တွင် သခင်ယေရှုနှင့်အတူ စံမြန်းလျက် ဆက်ဆံ ခြင်းနှင့် ခြားနားလှပါသည်။ ထိုနေရာသည် ဘုရားသခင်နှင့် ခွဲခွာသောနေရာ ‘ငရဲ’သို့မဟုတ် ‘မီးအိုင်’ ဖြစ်သည်။ ထိုနေရာတွင် ဘုရားသခင် မရှိသောကြောင့် ဘုရားသခင်နှင့် ဆက်ဆံဖို့ ဆိုသည်မှာ မဖြစ်နိုင်တော့ပါ။

**သို့သော် မျှော်လင့်စရာရှိသေးသည်**

## ဘုရားသခင်က သင့်ကို အထူးစိတ်ဝင်စားသည်

သားတော်အားဖြင့် ငါတို့သည် အသက်ရှင်စေခြင်းငှါ ဘုရားသခင်သည် တပါးတည်းသော သားတော်ကို ဤလောကသို့ စေလွှတ်တော်မူရာ၌ ငါတို့ ကို ချစ်တော်မူသော မေတ္တာတော်သည် ထင်ရှားလျက်ရှိ၏။ (၁ယော ၄း၉)

ဘုရားသခင်၏တရားစီရင်ခြင်းကို ခံရသောကြောင့် နာကျင်စွာ သေသည့်တိုင် အောင်ခံရသည့် နေရာ ကာရာနီကုန်းပေါ်ရှိ လက်ဝါးကပ်တိုင်ကို ကြည့်ပါ။ ကျွန်တော်တို့အပြစ်များကို ယူတင် ဆောင်ရွက်သောကြောင့် ဘုရားသခင်၏ စွန့်ပစ်ခြင်းကိုခံရသည်။ အပြစ်နှင့် ကင်းစင်သော သခင်ယေရှုသည် ထိုမျှ လောက် ခံရသည်ကို မတွေးဝံ့စရာပင်။

**ဘုရားသခင်ကသင့်ကို အဘယ်မျှလောက် ချစ်သည်ကို မြင်နိုင်ပြီလား။**

# ဘုရားသခင်၏မစခြင်း + ကယ်တင်ခြင်း

ကျွန်ုပ်တို့သည် အပြစ်ကြောင့် ဘုရားသခင်နှင့် ခွဲခွာခဲ့ကြပြီးဖြစ်သည်။ သန့်ရှင်း ဖြောင့်မတ်တော်မူသော ဘုရားဖြစ်သောကြောင့်အပြစ်ကို စီရင်ရသည်။ ကိုယ်ကျင့်တရား၊ ကုသိုလ်ကောင်းမှုများကို လက်မခံပါ။ သို့သော် ထိုစီရင်ခြင်းမှ လွတ်မြောက်နိုင်သောလမ်း တစ်ခုတည်းရှိသည်။ ဘုရားသခင် ပေးသော ကယ်တင်ခြင်းကို လက်ခံဖို့ဖြစ်သည်။

ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့ မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှါ ဘုရားသခင်သည် မိမိ၌ တပါးတည်းသောသားတော်ကို စွန့်တော်မူသည့် တိုင်အောင်လောကီသားတို့ကို ချစ်တော်မူ၏။ (ကျမ်းစာ - ယော ၃း၁၆)

ဖန်ဆင်းရှင်ဘုရားသခင်အကြောင်း ထင်ရှားစေခြင်းငှါ ယေရှုခရစ်တော်သည် ဤလောက သို့ ကြွဆင်းတော်မူ၏။ ယေရှုခရစ်တော်သည် ဘုရားသခင်၏ မေတ္တာတော်ကို ပြသပေး သည်။ ကာရာနီကုန်းပေါ် လက်ဝါးကပ်တိုင်၌ သင့် အတွက်အသေခံခြင်းဖြင့် သက်သေထူခဲ့ သည်။ သင်၏အပြစ်ကြွေးဆပ်ဖို့ရန် သင့်ကိုယ်စားအသေခံသည်။ လက်ခံ ယုံကြည်လိုက်ပါ။

**အကယ်၍ ယုံကြည်ခြင်းဖြင့် လက်ခံလျှင် ဘုရားသခင်ထံသို့ သင့်အပြစ်ကို ဝန်ချတောင်းပန်ပါ၊ ဘုရားသခင်က ခွင့်လွှတ်ပြီး ထာဝရ အသက်ပေးမည်။**



ကိုယ့်အပြစ်တို့ကို ဖော်ပြတောင်းပန်လျှင် ငါတို့အပြစ်များကို လွှတ်၍ ဒုစရိုက် ရှိသမျှနှင့် ကင်းစင်စေခြင်းငှါ ဘုရားသခင်သည် သစ္စာတရားနှင့် ၎င်း၊ ဖြောင့်မတ်ခြင်းတရားနှင့်၎င်း ပြည့်စုံတော်မူ၏။

ကျမ်းစာ - ၁ယော၊ ၁း၉

ယေရှုခရစ်သည် အသက်ရှင်သည်။ သေခြင်းမှ ထမြောက်၍ကောင်းကင်ဘုံ သို့ ကြွမြန်းတော်မူပြီ။ ဤသီတင်းကောင်းကို နှစ်ပေါင်း (၂၀၀၀) ကျော် ဟောပြောလာပါပြီ။ အဘယ့်ကြောင့် ဆိုသော် လူတိုင်းအတွက် ကယ်တင်ခြင်း ကမ်းလှမ်းတော်မူသောကြောင့်ဖြစ်သည်။ သို့ဖြစ်၍ ယေရှုခရစ်တော်ကို လက်ခံယုံကြည်သူတိုင်း ဘုရား သခင်၏ထာဝရတရားစီရင်ခြင်းမှလွတ်မြောက်ခွင့် ရရှိကြမည်။ ယေရှုခရစ်တော်၏ ရွေးနှုတ်သောအမှုကို ယုံကြည်ခြင်းဖြင့် လက်ခံသူတိုင်း ဘုရားသခင်ရှေ့မှောက်တွင် ဖြောင့်မတ်သောသူ ဖြစ်သည်။

ယေရှုခရစ်ရွေးနှုတ်တော်မူသောအားဖြင့် အဘိုးကိုမပေးဘဲ ဘုရားသခင်၏ကျေးဇူးတော်ကြောင့် ဖြောင့်မတ်ရာသို့ ရောက်ရကြ၏။
ကျမ်းစာ - ရော၊၃း၂၄



# ဘုရားသခင်၏ ကတိတော်

ချုံပြီးပြောရလျှင်၊ ဘုရားသခင်၏စာစောင်၊ သမ္မာကျမ်းစာက ဤသို့ဆိုသည် -

**1. သန့်ရှင်းတော်မူသော ဘုရားသခင်** — အပြစ်ကို တရားစီရင်၍ ပြစ်ဒါဏ်ပေးသည်။

**2. ချစ်ခြင်းမေတ္တာတော်နှင့် ပြည့်စုံတော်မူသော ဘုရား** — သင်၏အပြစ်အားလုံး လွှတ်လိုသည်။

သန့်ရှင်းတော်မူသောဘုရားသခင် ချမှတ်ထားသော အပြစ်၏အခ၊ အပြစ်ကြွေးမှန်သမျှကို သားတော်သခင်ယေရှုခရစ်တော်က ဆပ်ပေးပြီး ဖြစ်သောကြောင့် ဘုရားသခင်က သင့်အပြစ် ကို ခွင့်လွှတ်နိုင်သည်။

သို့သော် ကိုယ်တိုင်ခွင့်လွှတ်ခြင်း ရလိုလျှင် ဘုရားသခင်ရှေ့တော်သို့လာ၍ မိမိအပြစ်များကို စိတ်ရင်းဖြင့် ဝန်ချတောင်းပန်ရမည်။ ပြီးနောက် ယေရှုခရစ်တော်သည် သင့်အတွက် လက်ဝါး ကပ်တိုင်မှာအသေခံပြီ၊ သင့်ကို ကယ်တင်သောအရှင်သခင်၊ ရွေးနှုတ်ရှင်သခင်ဖြစ်သည် ဟု ယုံကြည်ရမည်။

ဘုရားသခင်က သူ၏နှုတ်ကပတ်တော် ကျမ်းစာအုပ်တွင် သင့်အတွက် မပြောင်းလဲနိုင်သော ကတိတော် ၁၀၀၀ မက အသင့်ရှိပါသည်။
အချို့ကို ဤနေရာတွင် ဖော်ပြပါမည်။

သားတော်ကို ယုံကြည်သောသူသည် ထာဝရအသက်ကို ရ၏။ သားတော်ကို ပယ်သောသူမူကား အသက်ကို မတွေ့ရ။ ထိုသူအပေါ်၌ ဘုရားသခင်၏ အမျက်တော်တည်နေသည်

ကျမ်းစာ - ယော၊ ၃း၃၆

ငါ့စကားကိုနားထောင်၍ငါ့ကိုစေလွှတ်တော်မူသောသူကို ယုံကြည်သော သူသည် ထာဝရအသက်ကို ရသည်ဖြစ်၍ အပြစ်စီရင်ခြင်းကို မခံရ။ သေခြင်းမှ အသက်ရှင်ခြင်းသို့ ကူးပြောင်သောသူဖြစ်၏။

ကျမ်းစာ - ယော၊ ၅း၂၄

ထိုသူကို လက်ခံသမျှသောသူ တည်းဟူသော ကိုယ်တော်ကို ယုံကြည်သော သူတို့အား ဘုရားသခင်၏ သားဖြစ်ရသောအခွင့်ကိုပေးတော်မူ၏။

ကျမ်းစာ - ယော၊ ၁း၁၂

မစိုးရိမ်နှင့်၊ သင့်ကို ငါရွေးနှုတ်ပြီ။ ငါ့နာမဖြင့် မှည့်ပြီ။ သင့်ကို ငါပိုင်၏။

ကျမ်းစာ - ဟေရှာ၊ ၄၃း၁

# ပျောက်သောသား

## သမ္မာကျမ်းစာထဲက ပုံပြင်

တစ်စုံတစ်ယောက်သောသူ၌ သားနှစ်ယောက်ရှိ၏။ သားအငယ်သည် အဘ ထံသို့သွား၍ 'အဘ၊အကျွန်ုပ်ရထိုက် သောအမွေဥစ္စာကို ပေးပါဟု တောင်း ပန်လျှင်' အဘသည် ဥစ္စာများကို ဝေ၍ သားတို့အား ပေးလေ၏။ ထိုနောက် များမကြာမီ သားအငယ်သည် မိမိဥစ္စာများကို သိမ်းယူ၍ ဝေးစွာသောပြည်သို့သွားပြီးလျှင်၊ ထိုပြည်မှာ ကာမဂုဏ် ၌ လွန်ကျူးသောအားဖြင့် ဥစ္စာဖြုန်းတီး ၍၊ ရှိသမျှကုန်သောအခါ၊ ထိုပြည်၌ကြီးစွာသော အစာခေါင်းပါးခြင်း ဖြစ်၍၊ သူသည် အလွန်ဆင်းရဲ ခြင်းသို့ ရောက်၏။ ထိုအခါ ပြည်သားတစ် ယောက်ထံသို့ သွား၍ အစေခံ လျှင်၊ ဝက် တို့ကို ကျောင်းစေ ခြင်းငှါ သူ့သခင် သည် တောသို့ စေလွှတ်သဖြင့်၊ သူသည် ဝက်စားတတ်သော ပဲတောင့် ကိုပင် စားချင်မတတ် ငတ်မွတ်လျက် နေရ၏။ အဘယ် သူမျှအစာကို မကျွေး။ ထိုအခါ သတိရလျှင် ငါ့အဘ၏အိမ်၌ အခစားသော သူတို့သည် ဝစွာ စားရကြ၏။ ငါမူကား ဤပြည်၌ သေအောင် အငတ်ခံရ၏။ ငါထ၍အဘထံသို့သွားမည်။အဘ၊အကျွန်ုပ်သည်၊ ဘုရားသခင်ကိုဎင်း၊ ကိုယ်တော်ကိုဎင်း၊ ပြစ်မှားပါ ပြီ။ ယခုမှစ၍ ကိုယ်တော်၏သား ဟူ၍ ခေါ်ခြင်းကို မခံထိုက်ပါ။ သူငှါးအရာ၌ အကျွန်ုပ်ကို ထားတော်မူပါဟု ငါပြောမည်ဟုအကြံရှိသည် နှင့် အဘထံသို့ ထသွားလေ၏။ ဝေးသောအရပ်မှ အဘကသူ့ကို မြင်လျှင် သနားသောကြောင့် ပြေးသွား၍ သား၏လည်ပင်းကို ပိုက်ဘက်လျက် နမ်းရှုပ် လေ၏။

သားက လည်း၊ အဘ၊ အကျွန်ုပ်သည် ဘုရားသခင် ကိုဎင်း၊ ကိုယ်တော်ကိုဎင်း ပြစ်မှားပါ ပြီ။ ယခုမှစ၍ ကိုယ်တော်၏သားဟူ၍ ခေါ်ခြင်းကို မခံထိုက်ပါဟုဆိုလျှင်၊ အဘက မြတ်သောဝတ်လုံ ကို ယူခဲ့၍ သူ့ကိုခြုံကြ၊ သူ၏လက်၌လက်စွပ် တန်ဆာကို ဆင်ကြ။ ခြေနင်းကိုလည်း စီးစေကြ၊ ဆူအောင်ကျွေး သောနွားကလေးကိုယူ၍သတ်ကြ၊ သို့ပြီးမှ ငါတို့သည် စားကြကုန်အံ့။ ပျော်မွေ့ခြင်းကို ပြုကြကုန်အံ့။ ငါ့သားသည် အထက်ကသေ ပြီ၊ ယခုရှင်ပြန်၏။ အထက်က ပျောက်၏။ ယခု တွေ့ ပြန်ပြီဟု အစေအပါးတို့ကို ဆိုပြီးမှ ထိုသူ အပေါင်းတို့သည် ပျော်မွေ့ ခြင်းကို ပြုကြ၏။

သားအကြီးသည် တောင်ယာက လာ၍ အိမ်အနီးသို့ ရောက်သောအခါ၊ ကခြင်း၊ တီးမှုတ်ခြင်းအသံကိုကြားလျှင်၊ ငယ်သားတ ယောက်ကို ခေါ်၍ အဘယ်သို့သော အခြင်းအရာ နည်းဟု မေးလေ၏။ ငယ်သားက၊ သခင်၏ညီသည် ရောက်လာပါပြီ။ ဘေးကင်းလွတ် လျက် ရောက်လာသည်ကို အဘတွေ့ သောကြောင့် ဆူအောင်ကျွေးသော နွားကလေးကို သတ်ပါပြီဟု ပြောဆို၏။ သားအကြီးသည် အမျက်ထွက်၍ အိမ်သို့ မဝင်ဘဲနေ၏။ အဘသည် သူ့ဆီသို့ သွား၍ ချော့မော့ရ၏။ သားအကြီးက လည်း အကျွန်ုပ်သည် ကာလတာရှည်စွာ အဘ၏အစေကို ခံပါပြီ၊ အဘ၏ အလိုကို တခါမျှ မလွန်ကျူးပါ။ သို့သော်လည်း အကျွန်ုပ်သည် အဆွေတို့နှင့်အတူ ပျော်မွေ့ခြင်းငှါ အဘသည် ဆိတ်ကလေးတကောင်ကို တခါမျှ မပေး။ ပြည်တန်ဆာမိန်းမတို့နှင့် ပေါင်းဖေါ်၍ မိမိဥစ္စာကို ဖြုန်းသော ဤသားငယ် ရောက်လာသောအခါမူကား၊ အဘသည် ဆူအောင်ကျွေးသော နွားကလေးကို သတ်ပါပြီတကားဟု ဆို၏။ အဘ ကလည်း၊ ငါ့သား သင်သည် ငါ့ထံမှာ အစဉ် နေရ၏။ ငါ၏ဥစ္စာ ရှိသမျှသည် သင်၏ ဥစ္စာဖြစ်၏။ သင်၏ညီမူကား၊ အထက်က သေပြီ၊ ယခုရှင်ပြန်၏။ အထက်ကပျောက်၏၊ ယခုတွေ့ပြန်၏။ ထို့ကြောင့် ပျော်မွေ့ဝမ်းမြောက်စရာ အကြောင်းရှိ၏ အဘဆိုသည် ဟု မိန့်တော်မူ၏။

ကျမ်းစာ - လု ၁၅:၁၁-၃၂



# ဘာသာတရားများစွာ ရှိပေမဲ့ ဘုရားသခင်က အတူတူပင်

လောကရှိ ဘာသာတိုင်းသည် ဘုရားသခင်ထံသို့ ပို့ဆောင်ကြသည်၊ မိမိတို့သွားသော လမ်း ခြားနားခြင်းသာ ဖြစ်သည်ဟု ခံယူကြသည်။ ဤခံယူချက်သည် သမ္မာကျမ်းစာ၏သွန်သင်ချက်ဖြစ်သော သခင်ယေရှု၏ဟောပြောချက်နှင့် ဆန့်ကျင် ဘက်ဖြစ်သည်။ 'ငါသည် လမ်းခရီးဖြစ်၏။ သမ္မာတရားလည်း ဖြစ်၏။အသက်လည်း ဖြစ်၏။ ငါ့ကို အမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့ မရောက်ရ။ (ယော၊ ၁၄း၆)။ ဤသမ္မာတရားကို ယနေ့ ခေတ်လူများက လက်သင့်မခံနိုင်ကြ။ ဥပမာ၊ ကူရ်ရန်ကျမ်းနှင့် သမ္မာကျမ်းစာကို နှိုင်းယှဉ်ကြည့်လျှင် "မူစလင်တို့ရဲ့ အာလ္လာဟ်ဘုရားသည် သမ္မာကျမ်းစာဖေါ်ပြသော ဘုရားသခင် မဖြစ်နိုင်ပါ။

ကုရ်အာန်ကျမ်း

...သင်တို့သည် အလ္လာဟ်အသျှင်မြတ်နှင့် အသျှင်မြတ်၏တမန်တော်တို့ကို ယုံကြည်ကြလော့။ 'သုံးဦး'ဟု မဆိုကြလင့်။ အာလ္လာဟ်အသျှင် မြတ်သည် တစ်ဆူတည်းသော အသျှင်မြတ်ဖြစ် တော်မူ၏။ သားရတနာရှိခြင်း၊ အညစ်အကြေးသည် အသျှင်မြတ်၏ အလွန်မြင့်မြတ်သန့်ရှင်းစုံ လင်တော်မူခြင်းနှင့် ဖီလာဖြစ်၏။
ကုရ်ရန် - စုရာနေစာအေ့ ၄း၁၇၁ (Surah - 4)

ကျမ်းစာ

ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့ မရောက် ထာဝရအသက်ကို ရစေခြင်းငှါ ဘုရားသခင်သည် မိမိ၌ တပါးတည်းသောသားတော်ကိုစွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကိုချစ်တော်မူ၏။
ကျမ်းစာ - ယော၊၃း၁၆



ကုရ်အာန်ကျမ်း

တဖန်သူတို့က၊ 'အကျွန်ုပ်သည် မရယမ်၏သား အလ္လာဟ်အသျှင်မြတ်၏တမန်တော် အီဆာကို သတ်ဖြတ်ကြသည်၊ သူတို့သည် သူ့အား မသတ်ကြချေ။ လက်ဝါးကပ်တိုင်တင်၍လည်း မသတ်ကြချေ။ သို့သော် ယင်းသို့ ပြုသကဲ့သို့ သူတို့စိတ်တွင် ထင်ပေါ်လာခြင်းသာဖြစ်၏။
ကုရ်အာန် - စုရာနေစာအေ့ ၄း၁၅၇

ကျမ်းစာ

ဆုံးရှုံးခြင်းသို့ရောက်သောသူတို့၌ လက်ဝါးကပ်တိုင်တော်တရားသည် မိုက်သောတရားဖြစ်၏။ ကယ်တင်ခြင်းသို့ရောက်သော ငါတို့၌ ဘုရားသခင်၏တန်ခိုးတော်ဖြစ်၏။ ---ငါတို့မူကား၊ လက်ဝါးကပ်တိုင်မှာ အသေခံတော်မူသော ခရစ်တော်၏အကြောင်းအရာကို ဟောပြောကြ၏။ ထိုအကြောင်းအရာကား၊ ဂျူးအမျိုးသား ထိမိ၍ လဲစရာအကြောင်းဖြစ်၏။ တပါးအမျိုးသား၌ကား မိုက်မဲခြင်းဖြစ်၏။
၁ကော ၁း၁၈၊၂၃

ကုရ်ရန်ကျမ်းက အလ္လာဟ်၌ သားရှိကြောင်း၊ သုံးပါးတစ်ဆူ ဘုရားသခင်နှင့် လက်ဝါးကပ်တိုင်ပေါ် ယေရှုခရစ်တော် အသေခံခြင်း အကြောင်း ငြင်းဆိုသည်။ သို့သော် သမ္မာကျမ်းစာ ဖေါ်ပြသော ဘုရားသခင်သည် အသက်ရှင်၏။သင်နှင့် အကျွန်ုပ်ကို ချစ်သောကြောင့်အပြစ်ကြွေးဆပ်ရန် သားတော်ကို ပေးအပ်ခြင်း ဖြစ်သည်။ သို့ကြောင့် ခရစ်တော်သည် ဘုရားသခင်၏တရားစီရင်ခြင်း ကို ခံသောကြောင့် အသေခံတော်မူခြင်းဖြစ်သည်။ သို့ပါသောကြောင့် 'အလ္လာဟ်'သည် ကျမ်းစာ ပြောသော သခင်ယေရှုခရစ်တော်၏ခမည်းတော် ဘုရား မဖြစ်နိုင်သည်မှာ သေချာပါသည်။

မှတ်ချက်၊ သမ္မာကျမ်းစာအရ ခရစ်ယာန်သည် ဘာသာရေးအဖွဲ့မဟုတ်ပါ။လောကရှိ ဘာသာတရားများက ကုသိုလ်ကောင်းမှုဖြင့် ဘုရားသခင်ထံ ရောက်ရန် ကြိုးစားကြသည်။

သို့သော် ကျမ်းစာက သားတော်ကို ယုံကြည်၍ အထံတော်သို့ မိမိတို့အပြစ်ကို ဝန်ချတောင်း ပန်သူတိုင်းကယ်တင်ခြင်း ရရှိနိုင်ဖို့ သန့်ရှင်းတော်မူသော ဘုရားသခင်သည် သားတော်သခင် ယေရှုခရစ်တော်အားဖြင့် ကျွန်ုပ်တို့ထံသို့ ကြွလာသည်ဟု ဆိုသည်။

အကျင့်မရှိသောသူမည်ကား၊ မတရားသောသူ၏အပြစ်ကို ဖြေသောသူကို ယုံကြည်လျှင် သူ၏ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းအဖြစ်မှတ်လျက်ရှိ၏။

ကျမ်းစာ - ရော၊၄း၅

# အနာဂတ်ကို ကြည့်ရှုခြင်း



သမ္မာကျမ်းစာ ဖေါ်ပြသော အနာဂတ်အကြောင်းသည် စိတ်ချရပါသည်။ ယခုနေ့ရက်တွင် စိုးရိမ်ပူပန်မှု၊ ဝမ်းနည်းပူဆွေးခြင်းများ နှင့် ကြုံတွေ့ရပါသည်။ သေခြင်း၊ မတရားမှု၊ ကြမ်းကြုတ်မှု၊ ငတ်မွတ်ခြင်း၊ စစ်ဘေး၊ သဘာဝဘေးအန္တရယ်၊ ငွေကြေး ဖေါင်းပွမှု၊ ပျက်စီးဆုံးရှုံးခြင်းများ၊ (စိုးရိမ်ပူပန်မှုများ၊ ဝမ်းနည်းပူဆွေးမှုများ)ကဝိုင်းနေလျက်ရင်ဆိုင်နေရပါသည်။

သို့သော် သခင်ယေရှုသည် များမကြာမီ အမြန်ကြွလာမည်၊ ထိုအချိန်နီးကပ်လာလျှင် အထက် ဖေါ်ပြပါ အဖြစ်အပျက်များ ဖြစ်ပေါ်လာမည်ဟု သမ္မာကျမ်းစာက အတိအလင်း ဖေါ်ပြခဲ့ ပြီးဖြစ် သည်။ သမ္မာကျမ်းစာကို ဖတ်ရှုသောသူက မည်သို့ဆက်ဖြစ်မည်အကြောင်း နားလည်မည် ဖြစ်သည်။

လူတို့သည် အပြစ်ဒုစရိုက်နွံထဲသို့ နစ်သထက် နစ်အောင် လူးလဲစိမ့်ဝင်ကြ၍ ဘုရားသခင် ထံမှ ထွက်သွားကြသောကြောင့် ဤလောကကို တရားစီရင်မည်ဖြစ်သည်။ သို့သော်၊ **ကိုယ့်အ ပြစ်ကို မြင်၍ နောင်တရကြလော့။ ---အကြောင်းမူကား၊ ခန့်ထားတော်မူသောအားဖြင့် လောကီသားတို့ကို ဖြောင့်မတ်ခြင်းတရားနှင့် ညီလျော်စွာ စစ်ကြောစီရင်မည့် နေ့ရက်ကို ချိန်းချက်တော်မူပြီ။** (တ ၁၇း၃၀၊၃၁)

ကောင်းကင်ဘုံမှ သားတော်သခင်ယေရှုကြွလာသောအခါ ထိုသို့တရားစီရင်မည်။ မထီမဲ့မြင်ပြု ခြင်း၊ ကားတိုင်တင်ခြင်းကို ခံသောသူသည် အောင်မြင်သောသူ၊ အမြင့်ဆုံးတရားစီရင်သူအနေဖြင့် ကြွလာမည်။ **'ထိုသခင်သည်လည်း၊ အသက်ရှင်သောသူတို့နှင့်သေသော သူတို့ကို တရားစီရင်သောသခင် ဖြစ်စေခြင်းငှါ ဘုရားသခင်ခန့်ထားတော်မူကြောင်း'** (တ ၁၀း၄၂)

**မှုချတရားစီရင်မည်၊ သို့သော် သင့်အတွက် မျှော်လင့်ခြင်း ရှိသေးသည်။**

လွန်ခဲ့သော ရာစုနှစ်များစွာက ယေရှုခရစ်တော်မွေးဖွားတော်မူမည့်အကြောင်း၊ အသေခံမည့် အကြောင်း၊ ပြီးနောက် သေခြင်းမှ ရှင်ပြန်ထမြောက်မည့် အကြောင်း ဟောခဲ့ပြီး ဖြစ်သည်။ သင့်အတွက် သခင်ယေရှုခရစ်တော် အသေခံပြီ၊ ယနေ့ ခွင့်လွှတ်ခြင်းကျေးဇူးတော်ကိုပေးရန် သင့်ကို ဖိတ်ခေါ်ကမ်းလှမ်းနေပါသည်။

**ယနေ့လာပါ၊ မနက်ဖြန်ဆို နောက်ကျသွားပါပြီဟု ဘုရားသခင်ဆိုသည်**

**ယခုပင် နှစ်သက်ဘွယ်သောအချိန်ဖြစ်၏။ ယခုပင် ကယ်တင်ရာနေ့ရက်ကာလ ရှိ၏။ ကျမ်းစာ – ၂ကော ၆း၂**

ဘုရားသခင်၏ဖိတ်ခေါ်သံကို လှိုက်လှဲစွာ လက်ခံလိုက်ပါ။ ဘုရားသခင် စီစဉ်တော်မူသော ထာဝရအသက် ရရှိပိုင်ဆိုင်မည်။ သို့ဖြစ်လျှင် အထံတော်သို့ ချည်းကပ်၍ ကိုယ့်အပြစ်ကို ဝန်ချတောင်းပန်ရပါသည်။ အန္တတန်ခိုးရှင် ဘုရားသခင်က ရှေ့မှာ ဖြစ်လာမည့်အနာဂတ်တရား ကို သစ္စာတရားဖြင့် ဟော ပြောခဲ့ပါပြီ။ ဘုရားသခင်ကဲ့သို့ မည့်သည့် လူသားက မဟောပြော နိုင်ပါ။ သမ္မာကျမ်းစာက အင်ပါယာပေါ် ထွန်းလာမည့်အကြောင်း၊ယေရှုခရစ်တော် မွေးဖွားလာ မည့်အကြောင်း၊ အေဒီ(၇၀) တွင် ယေရှုရှလင်မြို့ပျက်သုဉ်းမည့်အကြောင်း၊ ကမ္ဘာတဝှန်းသို့ ဂျူးလူမျိုးများ ပျံ့နှံ့လာမည့်အကြောင်းများ စသဖြင့် ရာစုနှစ်များစွာမတိုင်မီ ပရောဖက်ပြုခဲ့ပြီး၊ ရာနှင့်ချီသော ပရောဖက်ပြုချက်များ ပြည့်စုံခဲ့ပြီးဖြစ်သည်။

**ဤအချက်များ ကြည့်ခြင်းဖြင့်၊ ကျမ်းစာသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်ကြောင်း သက်သေထူပါသည်။**

ဥပမာ၊ တရားဟောရာကျမ်း၊၂၈း၆၄ နှင့် ၆၅တွင် ဂျူးလူမျိုးများအကြောင်း ရေးထားသည်။ 'ထာဝရဘုရားသည်လည်း၊ မြေကြီးစွန်းတဘက်မှ သည်တဘက်တိုင်အောင် လူမျိုး အပေါင်းတို့တွင် သင့်ကို အရပ်ရပ်ကွဲပြားစေတော်မူသဖြင့်၊ --- ထိုလူမျိုးတို့တွင် သင်သည် သက်သာခြင်းမရှိရာ၊ မျက်စိမျှော်၍အားကုန်ခြင်း၊ ဝမ်းနည်းခြင်း အကြောင်းကို ထာဝရဘုရား စီရင်တော်မူသဖြင့် '--

**ဤအချက် ပြည်စုံ၊ မပြည့်စုံ မိမိကိုယ်တိုင် တွေးကြည့်ပါ**

# တိုတောင်းလှသော ဘဝ

## ရုပ်ရှင်ကားလို တဒင်္ဂမျှသာ

ယနေ့ ဘုရားသခင်နှင့်တွေ့ဆုံရန် ပြင်ဆင်ပါ ဘုရားသခင်ကို ကျောခိုင်းအုံးမှာလား။ တစ်နေ့သောအခါ နောက်ကျလွန်ပြီ ဆိုတဲ့နေ့တစ်နေ့ ရောက်လာမည်။

























သို့ဖြစ်၍

## ဘုရားသခင်နှင့် သင့်မြတ်ပါ

ကျမ်းစာ – ၂ကော၊ ၅း၂၀

# သမ္မာကျမ်းစာနှင့်ပတ်သက်၍ မှတ်ချက်များ

'သမ္မာကျမ်းစာကို ပုံမှန်ဖတ်၍ ဆင်ခြင်သည်၊ ဒီဟောင်းနွမ်းသောစာအုပ်ကြီး က အသက် အရွယ်မရွေး၊ သို့မဟုတ် မည်သည့်ဘာသာစကားဖြင့်ရေးသည် ဖြစ်စေ၊ အခြားစာပေကျမ်း ဂန်များထက် စာပေသဒ္ဒါအရ လှပကြွယ်ဝ ပြည့်စုံသော စကားလုံး အရေးအသားများ ဖြစ်သည်။

တရုတ်ပြည်၌ သာသနာပြုသူ၊ Hudson Taylor (၁၈၃၂-၁၉၀၅)

'သမ္မာကျမ်းစာကို နှစ်ပေါင်း(၄၀)ကျော်ကြာ ကျွန်တော် စေ့စေ့လေ့လာ သင်ယူခဲ့ သည်။ ယုံကြည်ခြင်းသည် လွန်ခဲ့သောနှစ်ပေါင်း(၄၀)ကျော်ထက် အားကြီးလာပါသည်။ ဘုရားသခင်၏ ကတိတော်အားလုံးသည် မှန်ကန်၍ အားကိုး ထိုက်ပါပေသည်။

ဘာသာစကား၌ အကျော်ကြားဆုံးပုဂ္ဂိုလ်၊ အရှေ့တိုင်းဘာသာစကား(၂၈မျိုး)

အထူးပြု ပါမောက္ခ ၊ Sir William Jones (1746-1794)

'သမ္မာကျမ်းစာနှင့်နှိုင်းယှဉ်တတ်တဲ့ ကျွန်တော်တို့ရဲ့ ဒဿနိကဗေဒပညာရှင် တွေဟာ သနား စရာကောင်းလှပါသည်။ ရိုးရှင်းလှတဲ့စာအုပ် တချိန်တည်း တွင် အဘက်ဘက်မှပြည့်စုံလို လောက်မှုရှိတဲ့စာအုပ်က လူသားတို့မှ ထွက်လာ တဲ့စကားလုံးများ ဖြစ်နိုင်ပါ့မလား။

ဒဿနိကဗေဒပညာရှင်၊ Jean Jacques Rousseau (1712-1778)

သမိုင်းကြောင်းအရသော်၎င်း၊ ရှေးသမိုင်းရှာဖွေတွေ့ရှိချက်အရသော်၎င်း၊ သမ္မာ ကျမ်းစာအုပ်ဟာ ထူးခြား၍ စိတ်ချယုံကြည်နိုင်တဲ့ စာအုပ်ဖြစ်သည်။ ရှေး ဟောင်းသုတေသနပညာရှင် များရဲ့ ရှာဖွေတွေ့ရှိချက်အရ လွန်ခဲ့သော နှစ်ပေါင်း ထောင်နှင့်ချီသော အဖြစ်အပျက်များ၊ စာပေနှင့်ယဉ်ကျေးမှုများတွေ့ရသည်။ အဖြစ်အပျက်များ ဖေါ်ပြသည့်နေရာ တိုင်းမှာလည်း သမ္မာကျမ်းစာက တိကျမှန် ကန်စွာ ပြသနိုင်သည်။

Dave Balsinger and Charles E. Seller, American archaeologists

လူတို့ကြံစည်၍မမီနိုင်သော သမ္မာတရားကိုကျမ်းစာအုပ်တွင် တွေ့ရှိနိုင်၍၊ လူသား တို့ရဲ့တွေးတောဆင်ခြင်တုံတရားဟာ ဘယ်လောက်ထိတောင် သေးငယ် ကြောင်း ပြသပါသည်။ သို့သော် သမ္မာကျမ်းစာ၏ဖေါ်ပြချက်များသည် နားလည် သဘော ညပေါက်ရန် မခဲယဉ်းပါ။

Charles H. Spurgeon (1834-1892), revivalist preacher

သမ္မာကျမ်းစာအုပ်သည် လူသားတို့ဘာသာစကားဖြင့် ဘုရားသခင်အကြောင်း ဖေါ်ထုတ်ပြပေးတဲ့ တစ်ခုတည်းသောစာအုပ်ဖြစ်သည်။ ထို့ကြောင့် သမ္မာကျမ်းစာ အုပ်ဟာ ထူးခြား၍ ယုံကြည်စိတ်ချရခြင်းဖြစ်သည်။ သို့သော် သမ္မာကျမ်းစာအုပ် သည် သိပ္ပံပညာရှင်၊ ဒဿနိကဗေဒပညာရှင်၊ စိတ်နှင့်ဆိုင်သော ပညာရှင်များက ပြုစုစီစဉ်သော စာအုပ်မဟုတ်ပါ။ သို့သော် သမ္မာကျမ်းစာအုပ်က လူတို့ရဲ့ အတွေး များကို ရှင်းလင်းသန့်စင်နိုင်သည်။

Prof. Dr. Werner Gitt, former Head of information technology department at PTB Braunschweig

**သမ္မာကျမ်းစာသည် မှန်ကန်မှုမရှိဟု စွပ်စွဲခြင်းဟာ လွယ်ကူပေမဲ့၊ ပြည့်စုံခြင်းရှိကြောင်း သက်သေထူနိုင်ခြင်းနှင့် ခြားနားလှပါသည်။**

# မူရင်းကျမ်းမှ ဘာသာပြန်ဆိုခြင်း

သမ္မာကျမ်းစာ ဘာသာပြန်ဆိုခြင်းသည် ခက်ခဲလှပါသည်။ ဓမ္မဟောင်းကျမ်း ရေးသားရာတွင် အသုံးပြုသည့် ဟေဗြဲစာနှင့် ဓမ္မသစ်ကျမ်းရေးသားရာတွင် အသုံးပြုသော ဂရိစာတို့တွင် စာလုံးကြီးများသာ (Captital Letter) အသုံးပြုပြီး စာလုံး တစ်လုံးနှင့် တစ်လုံး ကြား၌နေရာလွတ်နှင့် အဖြတ်အတောက်ထားရှိခြင်းမရှိဘဲ တဆက်တစပ်တည်း ရေးသား ခဲ့ကြသည်။ ထို့ကြောင့် ဘာသာစကားကျွမ်းကျင်သူများအတွက်ပင် ခက်ခဲသည်၊ ဝါကျ အစ နှင့်အဆုံး နားလည်နိုင်ရန် ခက်ခဲလှသည်။ ထို့အပြင် ဟေဗြဲစာတွင် (a, e, i, o, u) စသောအသံထွက် သရများမရှိ၊ (BKT etc.) စသောဗျည်းများသာရှိသည်။

သရသံများကို မိမိတို့ သဘောအတိုင်း ထည့်ဆိုရသည်။ က၊ ၁း၁ ကို ဤသို့ရေးထားသည်။

NTHBGNNNGGDCRTDTHHVNSNDTHRTH

ဤစာကြောင်းကို သင်နားလည်နိုင်မည်လော။ ‘အစအဦး၌ ထာဝရဘုရားသခင်သည် ကောင်းကင် များနှင့်မြေကြီးကို ဖန်ဆင်းတော်မူ၏’။ ထို့ကြောင့် ဤသို့ ဘာသာပြန်ဆိုနိုင်ရန် ရှေးဟောင်းစာမူ များကို သေချာစွာ လေ့လာပြီး စနစ်တကျ ဘာသာပြန်ပေးခဲ့ကြသော စာပေပညာရှင်များ၏ ကျေးဇူးကား ကြီးမားလှပါ၏။



မိမိတို့ဘာသာစကားဖြင့် သမ္မာကျမ်းစာ ဘာသာပြန်ဆိုခြင်းနှင့် ပတ်သက်၍ စိတ်ချ ရသော ကျမ်းစာအုပ် ရှိတယ်ဆိုရင် ပြောပြနိုင်သည်။ လွန်ခဲ့သော နှစ်ပေါင်း (၄၀၀) ကျော် တုန်းက King James ကလည်း အင်္ဂလိပ်လို ဘာသာပြန်ဆိုသည်။ သူ၏ဘာသာပြန်ဆိုသောကျမ်း သည် ကြီးမားသောအမှု၊ စိတ်ချယုံကြည်ရသည်။ ထိုနောက် မှန်ကန်မှုရှိလာအောင် နားလည်သဘော ပေါက်နိုင်အောင် အခြားအခြားဘာသာစကားများစွာဖြင့်လည်း ဘာသာပြန်ရန် ကြိုးပမ်းလာကြသည်။



အင်္ဂလိပ်ဘာသာစကားတွင် ဘာသာပြန်ကျမ်းစာ များစွာ ရှိသည်။ ထိုကျမ်းစာအုပ်များတွင် မူရင်းစာမူနှင့် ကိုက်ညီမှုရှိမရှိက ခြားနားစေ၍ မေးခွန်းထုတ်စရာလည်း ဖြစ်လာသည်။ ယနေ့ ခေတ်သစ်ဘာသာပြန်ဆိုမှုများက ၎င်း၏လေးနက်သောစကားလုံးများကို များစွာခြားနားစေသည်မှာ စိတ်မကောင်းစရာပင်။ ဥပမာ၊ ‘အပြစ်’ (sin)ကို "mistake" ‘အမှား”ဟု ဘာသာပြန်ဆိုသည်။

သို့ဖြစ်၍ ဘုရားသခင်၏နှုတ်ထွက်စကားအတိုင်း ဖတ်လိုလျှင် မူရင်းစာမူနှင့် အနီးစပ်ဆုံးဘာသာ ပြန်ဆိုသော ကျမ်းစာအုပ်ကို ဖတ်ရန် အကြံပြုလိုပါသည်။

ယခုအချိန်တွင် ဘာသာစကားပေါင်း(၂၉၀၀)ကျော်ဖြင့် သမ္မာကျမ်းစာအုပ် ရရှိနိုင်ပြီဖြစ်သည်။ ကမ္ဘာ့လူဦးရေ ၉၇%က ဘုရားသခင်၏နှုတ်ကပတ်တော် အစိတ်အပိုင်း ရရှိနိုင်ပါပြီ။

သို့သော် ယခုအချိန်တွင်လည်း ကမ္ဘာပေါ်ရှိ ခေါင်းပါးဝေးလံသောနေရာဒေသများရှိ လူနည်းစုများ၏ ဘာသာစကားဖြင့် ကျမ်းစာဘာသာပြန်ဆိုမှု ပြုလုပ်နေဆဲဖြစ်သည်။ ထိုဘာသာစကားကို ဦးစွာ စာရေးနည်း (သပ်ပုံများ) ဖန်တီးပေးရသည်ဖြစ်၍ အလွန်ခက်ခဲလှပါသည်။

သမ္မာကျမ်းစာအုပ်သည် ကမ္ဘာပေါ်တွင် အကျော်ကြားဆုံးနှင့် အကျယ်ပြန့်ဆုံး စာအုပ်စာပေ ဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်း နှစ်ရာလောက်မှ စ၍ ဘာသာပြန်ဆိုမှု အရှိန်အဟုန် မြင့်တက်လာသည်။ အချို့က အစိတ်အပိုင်းမျှသာ ဘာသာပြန်ဆိုနိုင်သည်။

| | |
|---|---|
| ၁၈၀၀ ခုနှစ်တွင် | ၇၅ ဘာသာစကားဖြင့် ဘာသာပြန်ဆို ထုတ်ဝေနိုင်ခဲ့သည်။ |
| ၁၉၀၀ ခုနှစ်တွင် | ၅၆၇ ဘာသာစကားဖြင့် ဘာသာပြန်ဆိုသည်။ |
| ၁၉၅၃ ခုနှစ်တွင် | ၁၁၆၇ ရှိသည်။ |
| ၁၉၇၈ ခုနှစ်တွင် | ၁၆၀၀ အထိ တိုးလာသည်။ |
| ၂၀၁၇ ခုနှစ်တွင် | ကျမ်းစာတစ်အုပ်လုံးနှင့် အစိတ်အပိုင်းများ အပါအဝင် ဘာသာစကားပေါင်း ၃၀၀၀ ကျော်ရှိလာသည်။ |

# လူတိုင်းအတွက် ကျမ်းစာအုပ်

- အယောက်(၄၀)က ရေးသည်
- ရာကျော်သောပုဂ္ဂိုလ်က ဘာသာပြန်ဆိုသည်
- ထုတ်ဝေသူ အထောင်ထောင်
- ဖတ်ရှုသူ သန်းချီ

လူသားတို့ရဲ့ ဘာသာစကား၊ယဉ်ကျေးမှု၌ သမ္မာကျမ်းစာကဲ့သို့ ပျံ့နှံ့သော စာအုပ်မျိုးမရှိ ဘူးပါ။ ကမ္ဘာပေါ်တွင် အများဆုံး ဖတ်သော စာအုပ်ဖြစ်သည်။

အောက်စာမျက်နှာ သုံးမျက်နှာတွင် သမ္မာကျမ်းစာ ယော၊၃း၁၆ ကို ဘာသာစကား အမျိုးမျိုးဖြင့် ဖတ်ရှုနိုင်သည်။

**ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်း သို့မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှါ၊ ဘုရားသခင်သည် မိမိ၌တပါးတည်း သော သားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။**

ဤစာပုဒ်သည် “သမ္မာကျမ်း၏ အသဲနှလုံး”ဟု တင်စားခေါ်ဆိုကြသည်။ လူသားများအတွက် ဘုရားသခင်၏သတင်းကောင်းကို အကျဉ်းချုပ်ပေးသည်။

- တပါးတည်းသောသားတော်ကို စွန့်တော်မူသည့်တိုင်အောင် သင့်ကို ချစ်သည်။
- သူ့ကို ယုံကြည်ခြင်းဖြင့် ကယ်တင်ခြင်း ရရှိနိုင်သည်။



## French
ပြင်သစ်

Car Dieu a tant aimé le monde qu'il a donné son Fils unique, afin que quiconque croit en lui ne périsse point, mais qu'il ait la vie éternelle.

## Hebrew
အစ္စရေး (ဣသရေလ)

כִּי כֹה אָהַב אֱלֹהִים אֶת הָעוֹלָם עַד כִּי נָתַן אֶת בְּנוֹ יְחִידוֹ לְמַעַן לֹא יֹאבַד כָּל הַמַּאֲמִין בּוֹ, אֶלָּא יִנְחַל חַיֵּי עוֹלָם.

## Turkish
တူရကီ

**Çünkü Tanrı dünyayı o kadar çok sevdi ki, biricik Oğlu‘nu verdi. Öyle ki, O‘na iman edenlerin hiçbiri mahvolmasın, hepsi sonsuz yaşama kavuşsun.**

## Bengali
အိန္ဒိယ

কারন ঈশ্বর এই জগতকে এতোই ভালবাসেন, যে, তিনি তার একমাত্র জন্মগ্রহণ পুত্রকে দিলেন যেন যে কেউ সেই পুত্রের উপর বিশ্বাস করে সে বিনষ্ট হয় না  বরং অনন্ত জীবন লাভ করে

## Hungarian
ဟန်ဂေရီ

*Úgy szerette Isten a világot, hogy egyszülött Fiát adta, hogy aki hisz őbenne, el ne vesszen, hanem örök élete legyen.*

## Spanish
စပိန်

De tal manera amó Dios al mundo, que ha dado a su Hijo unigénito, para que todo aquel que en él cree, no se pierda, mas tenga vida eterna.

## Chinese
တရုတ်

神爱世人，甚至将祂的独生子赐给他们，
叫一切信祂的，不至灭亡，反得永生。

## Amharic
အဲသယောပီ

በእርሱ የሚያምን ሁሉ የዘላለም ሕይወት እንዲኖረው
እንጂ እንዳይጠፋ እግዚአብሔር አንድያ ልጁን እስኪሰጥ
ድረስ ዓለሙን እንዲሁ ወዶአልና።

## Greek
ဂရိ

**Επειδή, με τέτοιον τρόπο αγάπησε ο Θεός τον κόσμο, ώστε έδωσε τον Υιό του τον μονογενή, για να μη χαθεί κανένας ο οποίος πιστεύει σ' αυτόν, αλλά να έχει αιώνια ζωή.**

## Arabic
အီဂျစ်နှင့် အရှေ့တိုင်း

لأنَّهُ هكذا أحَبَّ اللهُ العالَمَ حتَّى بَذَلَ
ابنَهُ الوَحيدَ، لكَيْ لا يَهلِكَ كُلُّ مَنْ يؤمِنُ بهِ،
بل تكونُ لهُ الحياةُ الأبديَّةُ.

## Russian
ရုရှား

**Ибо так возлюбил Бог мир, что отдал Сына Своего единородного, дабы всякий, верующий в Него, не погиб, но имел жизнь вечную.**

## Portuguese
ပေါ်တူဂီ

*Porque Deus amou o mundo de tal maneira que deu o seu Filho unigênito, para que todo aquele que nele crê não pereça, mas tenha a vida eterna.*

## Japanese
ဂျပန်

神は、実に、そのひとり子をお与えになったほどに、世を愛された。それは御子を信じる者が、ひとりとして滅びることなく、永遠のいのちを持つためである。

## Telugu
တယ်လဂူ(အိန္ဒိယလူမျိုး)

దేవుడు లోకమును ఎంతో ప్రేమించెను. కాగా ఆయన
తన అద్వితీయ కుమారునిగా పుట్టిన వానియందు
విశ్వాసముంచు ప్రతివాడును నశింపక నిత్య జీవము
పొందునట్లు ఆయనను అనుగ్రహించెను.

## Polish
ပိုလန်

Albowiem tak Bóg umiłował świat, że Syna swego Jednorodzonego dał, aby każdy, kto weń wierzy, nie zginął, ale miał żywot wieczny.

## German
ဂျာမနီ

**Denn so hat Gott die Welt geliebt, dass er seinen eingeborenen Sohn gab, damit jeder, der an ihn glaubt, nicht verloren gehe, sondern ewiges Leben habe.**

# သမ္မာကျမ်းစာကို နည်းအမျိုးမျိုးဖြင့် ဖတ်ရှုနိုင်သည်

- ရှေးဟောင်းစာပေ အစိတ်အပိုင်းတစ်ခုအဖြစ် စူးစမ်းဖတ်ရှုနိုင်သည်။

- သမိုင်းစာအုပ် ရှေးကာလအကြောင်း သိနိုင်ရန် သမိုင်းစာအုပ်အဖြစ်လည်း ဖတ်ရှုနိုင်သည်။

- ဉာဏ်ပညာ ၎င်းစာကြောင်းများကို ဝေဖန်ပိုင်းခြားနိုင်ဖို့ ဉာဏ်ပညာအတွက်လည်း ဖတ်ရှုနိုင်သည်။

- ယုံကြည်ခြင်း **သင့်အတွက်ဘုရားသခင် တိုက်ရိုက်ပေးစာအဖြစ် ခံယူ၍ ယုံကြည် ခြင်း ဖြင့် ဖတ်ရှုနိုင်သည်။**

ဘုရားသခင်၏ပေးစာအဖြစ် ဖတ်ရှုလျှင် သခင်ယေရှုခရစ်တော်အားဖြင့် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို မြင်၍သင့်ရဲ့နှလုံးသားက ခံယူနိုင်မည်။ ထိုအခါ သင့်အတွက် သခင်ယေရှုပြုခဲ့သောအမှုက သင်၏အသိတရားကိုလည်း လင်းစေမည်။





## ပိုမိုသိစရာများ

### အသေးဆုံး ပုံနှိပ်ထုတ်ဝေခဲ့သော သမ္မာကျမ်းစာ

**- ကျမ်းစာတစ်အုပ်လုံး**

အသေးဆုံးပုံနှိပ်ထုတ်ဝေခဲ့သော သမ္မာကျမ်းစာအုပ်သည် ကျပ် ၂ပြားထက် အနည်းငယ်ကြီးသည်။ အရှည် 2.8cm, နှင့် အနံ 3.4cm, 1cm ထူ၍ စာမျက်နှာ ၁၅၁၄ရှိသည်။ သာမန်မျက်စိဖြင့် မမြင်နိုင်သောကြောင့် မှန်ဘီလူးဖြင့် ဖတ်ရှုရသည်။



### အသေးဆုံး ဓမ္မဟောင်းကျမ်း

**- ဒီဂျစ်တယ် မိုက်ခရိုချစ်ပ်ပြားတွင်**

၂၀၀၈ခုနှစ်တွင် အစ္စရေးနိုင်ငံ Haifa မြို့ရှိ Institute of Technology မှ အစ္စရေး လူမျိုးသိပ္ပံပညာရှင်တစ်ဦးက စတုရန်းပုံ တစ်မီလီမီတာ (millimetre) တစ်ဝက်လောက် ရှိသော မိုက်ခရိုချစ်ပ်ပြားတွင် ဓမ္မဟောင်းကျမ်း ရေးသားနိုင်ခဲ့သည်။ ဟေဗြဲဘာသာစကားဖြင့် စကားလုံးပေါင်း ၃၀၀၀၀၀ ရှိသောဓမ္မဟောင်းကျမ်းကို သကြားစေ့လောက် သေးငယ်သောစီလီကွန်ပြား(silicon chip)တွင် သိမ်းထားသည်။ ထိုကဲ့သို့သေးငယ်သော ဒေတာ**(data)** ကို nanotechnology က ကူညီပံ့ပိုးခဲ့သောကြောင့် လုပ်နိုင်ခြင်းဖြစ်သည်။ ထိုကျမ်းကို ဖတ်ဖို့ရန် အစ ၁၀၀၀၀ လောက် ထပ်ချဲ့ရသည်။

### ထို့ထက် ပို၍သေးငယ်သောကျမ်းစာအုပ် ရှိနိုင်အုံးမလား

**- DNA -အနာဂတ်ကြားခံသိုလှောင်မှုစနစ်**

ဖန်ဆင်းရှင် ဘုရားသခင်က တစ်ဦးခြင်း၏ခန္ဓာကိုယ်ရှိ အကြောထဲတွင် ကြားခံသိုလှောင်နိုင်တဲ့စနစ်ထားရှိ သည်။ ဘယ်လောက်ထိ သိုလှောင်နိုင်လဲဆိုတာ အခုချိန်ထိ မသိသေးပါ၊ DNA ကြိုးမျှင်နှင့်တိုင်းရင် မီလီ မီတာနှစ်သန်းလောက်ရှိသည်။ ခန္ဓာကိုယ်ထဲတွင် မရေတွက်နိုင်လောက်အောင် လူသားတို့မျိုးရိုးဗီဇ အကြောင်းနှင့်ဆိုင်သောအရာများရှိသည်။

အကယ်၍ သကြားစေ့အရွယ်အစားလောက်ရှိသော DNA ဒြပ် အရေးအဖတ်ကျွမ်းကျင်မှုပိုင်ဆိုင်တယ်ဆိုရင် သမ္မာကျမ်းစာအုပ်ပေါင်းတစ်ဘီလျံကျော်’သိုလှောင်’ နိုင်မည်ဖြစ်သည်။ သိပ္ပံပညာရှင်များက လာမည့် နှစ်အနည်းငယ်တွင် အလွန်ကြီးမားသော DNA သိုလှောင်မှုစနစ်ရှိမည်ဟု ဆိုသည်။

## အကောင်းဆုံးမိတ်ဆွေ – သခင်ယေရှု



သခင်ယေရှုသည် ကလေးငယ်များကို ချစ်သည်။ လက်တော်ပေါ်မှာ တင်လျက် ပိုက်ချီသည်။
သခင်ယေရှုသည် တန်ခိုးကြီးသော ဘုရားဖြစ်သည်။ အလွန်ကြီးမားသော လှိုင်းလုံးသေဘေးမုန်တိုင်း အန္တရယ်ကြားရှိ လှေထဲတွင် ငြိမ်ဝပ်စွာအနားယူခဲ့သည်။ ထိုအခါ လေမုန်တိုင်းနှင့် ပင်လယ်ကို ဆုံးမ၍ ငြိမ်လေ၏။

နာသောသူကို ကျမ်းမာစေသည်၊ ဆင်းရဲသောသူ၊ချမ်းသာသောသူမရွေး လူတိုင်းကို သနားကြင်နာသည်။

စိတ်သောကရောက်ခြင်း၏အရင်းအမြစ်ဖြစ်သော နှလုံးထဲရှိ စဉ်းလဲသောအပြစ်များကိုလည်း မြင်နိုင်သည်။ သို့သော် နာမည်ပျက် အပြစ်ဒုစရိုက်နှင့်ပြည့်နေသူအမျိုးသမီးက သူ့ကိုမကြောက်၊ သူမ၏အပြစ်များနှင့် အထံတော်သို့ ချည်းကပ်သည်။ ကိုယ်တော်သည် သူမ၏အပြစ်များကို ခွင့်လွှတ်သည်။

တစ်နေ့သော် ဖမ်းချုပ်ခြင်း ခံရသည်။ သူသည် အသေခံရမည်ဟု ဆိုကြသည်။ အလွန် ကောင်းမွန်သူဖြူစင်သန့်ရှင်းသူဖြစ်၍ အပြစ်နွံထဲမှာ ရှိနေတဲ့ သူတို့ရဲ့အခြေ အနေနှင့် မည်သို့မှ မအပ်စပ်နိုင်ပေ။ ထို့ကြောင့် သူ့ကို အပြတ် ရှင်းရန်ဆုံးဖြတ်ကြခြင်း ဖြစ်သည်။

**ကားတိုင်ပေါ် အသေခံရန် သံမှိုနှင့်ရိုက်**

ထိုသို့ ခံရမည်အကြောင်း ကြိုသိသည်ကို သူတို့သည် မရိပ်မိကြ။ သူသည် ဘုရားသားတော် ဖြစ်၍ ကောင်းကင်ဘုံမှ ကြွလာသူဖြစ်သည်။ ကျွန်တော်တို့ကို ထာဝရသေခြင်းမှ ကယ်တင် ရန် အလိုရှိသည်။

**သို့သော် ဝမ်းမြောက်စရာက** သခင်ယေရှုသည် သေခြင်း၌ အဆုံးမသတ်ခဲ့ချေ။ သင်္ချိုင်း တွင်းမှ ရှင်ပြန်ထမြောက်သည်။ သူသည် အသက်ရှင်၍ ယခု ကောင်းကင်ဘုံတွင် စံမြန်းသည်။ ကျွန်တော်တို့ကို မြင်နေ၍ သနားကြင်နာစိတ်ရှိသည်။ အထက်က ဖေါ်ပြခဲ့တဲ့ မိန်းမကဲ့သို့ ကိုယ့်အပြစ်ကို နောင်တရ၍ အထံတော်သို့ ဝန်ချတောင်းပန်လျှင် သင်၏အပြစ်များကို ခွင့်လွှတ်လိုသည်။

ထိုသို့ပြုလျှင် ' ဟုတ်' 'သင်၏အပြစ်ရှိသမျှကို လက်ဝါးကပ်တိုင်ပေါ် ငါသယ်ဆောင်ခဲ့ပြီ ဖြစ်တဲ့အတွက် သင်၏အပြစ်များကို ငါခွင့်လွှတ်တယ်'ဟု သူပြောပါ လိမ့်မည်။

**ထိုနောက် ဘဝသစ်ဖြင့် အစပြုလာမည်** - ဘဝသစ်ဆိုသည်မှာ ပြောင်းလဲသော အသက်တာဖြစ်သည်။ အရင်ကနှင့် လုံးဝခြားနားသည်။ သူသည် သင့်အတွက် အကောင်းဆုံး မိတ်ဆွေ ဖြစ်လာမည်။ အမှုကိစ္စမှန်သမျှ ဆုတောင်းခြင်း ဖြင့် သူနှင့်ဆွေးနွေးနိုင်သည်။ သူ့အကြောင်းကို ပိုမိုသိလာနိုင်ရန် သမ္မာကျမ်းစာ ဖတ်ချင်စိတ် ရှိလာမည်။

သမ္မာကျမ်းစာအုပ်သည် သင့်အတွက် ဆန်းကျယ်သော စာအုပ်ဖြစ်လာမည်။ သခင်ယေရှု အကြောင်းကို မပြတ်မကွက် နေ့စဉ်ဖတ်ချင်လာမည်။

**သင့်ရဲ့**
**အကောင်းဆုံး**
**မိတ်ဆွေဖြစ်လိုသည်။**





# ကြီးမားသည့် သန့်ရှင်းခြင်း

လူငယ်လေးအခန်းရဲ့ နံရံသည် ညစ်ပေရှုပ်ပွသည်။ ညစ်ညူးသောပုံ၊ ကြော်ငြာစာတမ်းများနှင့်ပြည့်သည်။ တနေ့သောအခါ၊ ဦးလေးဖြစ်သူ ပန်းချီဆရာ အလည်ရောက်လာသည်။ ဦးလေး ဖြစ်သူသည် အမြင်မတော်သော်လည်း စကားတခွန်းမျှ မပြောဘဲ နေသည်။

ရက်အနည်းငယ်ကြာသောနောက်၊ ဦးလေးထံမှဆွဲဆောင်မှုအပြည့်ရှိသည့် ခန့်ညားလှသော ပန်းချီကား တစ်ချပ် ရရှိသည်။ ထိုအခါ အခန်းနံရံရှိ အချို့ပုံများကို ဖယ်ထုတ်ရှင်းလင်း၍ ထိုပန်းချီကားကို ချိပ်သည်။

ထိုအချိန်မှစ၍ အဲဒီအခန်းသည် ခြားနားလာသည်။ ဖြူစင်တဲ့ပတ်ဝန်းကျင်က စိုးမိုးလာသည်။ အခြားပုံများသည် တစ်ခုပြီးတစ်ခု နေရာမရဖြုတ်ချလွှတ်ပစ်ရတော့သည်။ ထိုပုံများသည် မတန်မရာ ဖြစ်လို့ပါ။

ထိုနည်းတူ၊ သမ္မာကျမ်းစာ စဖတ်လာရင်၊ သင့်အခန်းနံရံပေါ်ရှိ သင့်စာအုပ်စင်သို့မဟုတ် သင့်ရဲ့စီဒီ (CD) များသည် တစ်ခုပြီးတစ်ခုကွယ်ပျောက်လာပါလိမ့်မည်။ သင့်ရဲ့အချို့ ဒေတာ (data) ဂိမ်း၊သို့မဟုတ် ဖုန်းထဲရှိ မသင့်တော်သောအရာများ ကွယ်ပျောက်ပါလိမ့်မည်။ သင့်ရဲ့နှလုံးသားထောင့် တစ်နေရာမှာရှိတဲ့ မှောင်မဲနေတဲ့ အရာများလည်း ပြောင်းလဲနိုင်သည်။

**လူမည်သည်ကား၊ ခရစ်တော်၌ရှိလျှင် အသစ်ဖန်ဆင်းသော သတ္တဝါဖြစ်၏။ ဟောင်းသောအရာတို့သည် ပြောင်းလဲ၍ ခပ်သိမ်းသော အရာတို့သည် အသစ်ဖြစ်ကြပြီ။**
ကျမ်းစာ - ၂ကော၊ ၅း၁၇၊ ၆း၁၄

## ကမ္ဘာပေါ်ရှိ ကျော်ကြားဆုံး အတ္ထုပ္ပတ္တိစာအုပ်

'မေမေ မရပ်နှင့် ဆက်ဖတ်အုံး၊ အဆုံးထိဖတ်ပေးနော်၊ ပုံပြင်က စိတ်ဝင်စားစရာ အရမ်း ကောင်းတယ်။' အဖြစ်အပျက်က တကယ် ရင်နာစရာပါ။



ညီအစ်ကိုရင်းများက မုန်းခြင်းခံရတဲ့ ယောသပ်ဟာ ရေတွင်းပျက်ထဲသို့ ပစ်ချခြင်းခံရသည်။ မျှားမကြာမီ ပြန်လည်ဆွဲထုတ်၍ အီဂျစ်ပြည်သို့ ရောင်းစားခြင်း ခံရသည်။ အီဂျစ်ပြည်တွင်လည်း အပြစ်မရှိဘဲ ထောင်ထဲသို့ ပို့ကြသည်။ သို့သော် အီဂျစ်ပြည်ရဲ့ ဝန်ကြီးချုပ်ဖြစ်လာ၍ အစာခေါင်းပါးခြင်းမှ သူ့ရဲ့မိသားစုနှင့် ထိုနိုင်ငံတဝှန်းလုံးကို ကယ်တင်ခဲ့သည်။

ကျမ်းစာ - က ၃၇-၅၀

**သမ္မာကျမ်းစာ၌ ထိုကဲ့သို့သော ဖြစ်ရပ်မှန် ပုံပြင်များစွာ ရှိသည်။ ရင်ခုန်စရာအကြောင်း အရာများလည်း ဖြစ်သည်။**

ကျမ်းစာ - ဒံယေလ၊ ၃

ဒံယေလနှင့် သူ့သူငယ်ချင်းသုံးဦးကို ဆင်ခြင်ကြည့်၊ ရှင်ဘုရင်ရုပ်တုရှေ့မှာ ဒူးမထောက်၊ မကိုးကွယ်လိုသောကြောင့် မီးအိုင်ထဲသို့ပစ်ချရသည်။ သို့သော် ဒါဏ်ရာဒါဏ်ချက် တစ်ခုမျှ မရှိမီးအိုင်မှ ပြန်လည်ထွက်လာကြသည်။



**သမ္မာကျမ်းစာအုပ်သည် လူငယ်များအတွက်ပင် ရင်ဖိုစရာ ကောင်းသော စာအုပ်ဖြစ်သည်။**

# အဆိပ်ပင် စားဖူးသလား



## ဆေးဖက်ဝင်အဆိပ်ပင်

ဆေးဖက်ဝင်အဆိပ်ပင်သည် လူအတွက် အန္တရာယ်ဖြစ်သည်။ 'သို့သော် အခြားလူကို အန္တရာယ် ဖြစ်စေပေမဲ့ ငါ့ကိုတော့ အန္တရာယ် မပေးနိုင်ပါဘူး စမ်းကြည့်ချင်တယ်။' တစ်ယောက်ယောက်က ထိုသို့ဆိုလျှင် ထိုလူဟာ ကျပ်မပြည့်ဘူးလို့ဘဲ ထင်ကြမည်။ မည်သို့ပင် ဖြစ်စေ၊ ကျွန်တော်တို့လည်း ထိုကျပ်မပြည့်တဲ့လူ ကဲ့သို့ လုပ်တတ်ကြသည် မဟုတ်လား။ ဘုရားသခင် ပြဋ္ဌာန်းထားသော ထိမ်းမြားခြင်း အခြေခံဥပဒေကို ပြောင်းပြန်လှန်နေသည့် သတင်းမီဒီယာ ထဲသို့ နစ်သက်ထက် နစ်အောင် တိုးဝင်ကြသည်။ အောက်လမ်း ကျင့်သုံးခြင်း၊ အလိမ်အညာ လှည့်ကွက်များပါသည့် ဝတ္ထုများကို ဖတ်ကြသည်။ ဒီအရာတွေကကျွန်တော့်ကို အန္တရာယ် မဖြစ်စေပါဘူး၊ တိုးတက်ဖို့စာဖတ်ရ တာပါ။ 'စမ်းကြည့်ချင်တယ်။'

ထိုအရာများကို မကြား၊မမြင်စေရန် သင်တို့ 'နားနှင့်မျက်စိ' ကို 'ပိတ်' ကြလော့ဟု သမ္မာကျမ်းစာက ဆိုသည်၊ (ဟေရှာ၊ ၃၃း၁၅)။

### ထို့ကြောင့် အကောင်းဆုံးအကြံက -

**ဆေးဖက်ဝင်အဆိပ်ပင်ကို မစားပါနှင့်**

**သင်တို့အိမ်ထဲသို့လည်း အဝင်မခံနှင့်။ ဘုရားသခင်နှင့်မကိုက်ညီတဲ့အရာ မှန်သမျှ ရှောင်ပါ။ ထိုအပြစ်နွံထဲမှသော်ငင်း၊ အပြစ်လမ်းမှသော်ငင်း၊ ဘုရားသခင်က ကွယ်ကာ စောင့်မလိုသည်။ အကယ်၍ကျမ်းစာကို ဖတ်မည်ဆိုရင် ကွယ်ကာစောင့်မပါမည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် ဖြူစင်သည်၊ မှန်ကန်သည်၊ အသက်ရှိ၍ ထာဝရ တည်မြဲသည်။ စစ်မှန်သောပျော်ရွှင်ခြင်း၊ ငြိမ်သက်ခြင်းအစစ်အမှန်ကို ပြသပေးပါသည်။**

**နှုတ်ကပတ်တော်သည် အကျွန်ုပ်ခြေရှေ့မှာ မီးခွက်ဖြစ်၍ လမ်းခရီးကို လင်းစေပါသည်။** ကျမ်းစာ - ဆာလံ၊ ၁၁၉း၁၀၅



# ဆာလံ၊ ၂၃

*- သမ္မာကျမ်းစာရှိ ထင်ရှားကျော်ကြားသော ကျမ်းပုဒ် -*



*ထာဝရဘုရားသည် ငါ၏သိုးထိန်းဖြစ်တော်မူ၏။ ငါသည်ဆင်းရဲမခံရ။ စိမ်းလန်းသောကျက်စားရာအရပ်၌ ငါ့ကို အိပ်စေတော်မူ၏။သာယာသော မြစ်နားသို့ လမ်းပြတော်မူ၏။*

*ငါ့ဝိညာဉ်ကို အားဖြည့်၍ နာမတော်အတို့အလို့ငှါ တရားလမ်းထဲ၌ သွေး ဆောင်တော်မူ၏။*

*အကယ်၍ သေမင်း၏အရိပ်လွှမ်းမိုးသောချိုင့်ထဲသို့ လျှောက်သွားရ သော်လည်း ဘေးအန္တရယ်ကို မကြောက်ပါ။ အကြောင်းမူကား၊ ကိုယ် တော်သည် အကျွန်ုပ် နှင့် အတူ ရှိတော်မူသည်ဖြစ်၍ လှံတံတော်နှင့် တောင်ဝှေးတော်သည် အကျွန်ုပ် ကို ချမ်းသာစေပါ၏။*

*အကျွန်ုပ်၏ရန်သူရှေ့မှာ အကျွန်ုပ်အတို့ စားပွဲကို ခင်းတော်မူ၏။ အကျွန်ုပ် ခေါင်းကို ဆီနှင့်လိမ်းတော်မူ၏။ အကျွန်ုပ်ခွက်ဖလားသည် လျှံလျက် ရှိပါ၏။*

*အကယ်စင်စစ် အကျွန်ုပ်သည် ကျေးဇူးနှင့်ဂရုဏာကို တသက်လုံးခံစား၍ ထာဝရဘုရား၏အိမ်တော်မှာ အစဉ်အမြဲနေရပါလိမ့်မည်။*

ဒါဝိဒ်၏ ဆာလံ

'ထာဝရဘုရားသည် ငါ၏သိုးထိန်း ဖြစ်တော်မူ၏။' ဤဆာလံ ကျမ်းပိုဒ်သည် လူတိုင်း အတွက် ဖြစ်၍ ဒိထက်ကောင်းသောအရာရှိအုံးမည်လော။

အရေးပေါ်၊ အလိုအပ်ဆုံးအချိန်၊သေခြင်းဝေဒနာနှင့် ရင်ဆိုင်ချိန်မှာလည်း စစ်မှန်တဲ့နှိမ့်သိမ့်မှု ရှာတွေ့နိုင်သည်။ 'အကယ်၍ သေမင်း၏ အရိပ် လွှမ်းမိုးသော ချိုင့်ထဲသို့ လျှောက်သွားရသော်လည်း -- ကိုယ်တော်သည် အကျွန်ုပ်နှင့်အတူ ရှိတော်မူသည်။'

# အကောင်းဆုံးသက်သေ

ဈေးထဲတွင် သစ်သီဝလံမျိုးစုံရောင်းနေသော အမျိုးသမီးတစ်ယောက်သည်၊ ဈေး ဝယ်သူမရှိသည့်အချိန်တိုင်း သူမ၏ဈေးနောက်တွင် ထိုင်ကာ ကျမ်းစာ ဖတ် လေ့ရှိသည်။ ကျမ်းစာသည် သူမအတွက် အထူးတန်ဖိုးကြီးသည်။

ဖေါက်သည် တစ်ဦးက၊ 'ဘာစာအုပ် ဖတ်နေတာလဲ အစ်မ ဟု မေးရာ၊ **'ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ဖြစ်တဲ့ ငါ့ကျမ်းစာအုပ်**ပါ'ဟု ပြန်ဖြေရာ၊ "အဲဒီစာအုပ်က ဘုရား သခင်ရဲ့ နှုတ်ကပတ်တော်ဆိုတာ ဘယ်သူပြောလဲ' တဆက်ထဲ မေးလိုက်သည်။ ထိုအခါ သူမက၊ 'ဘုရားသခင် ကိုယ်တိုင်' လို့ပြန်လည်ဖြေကြားရာ၊ ထိုလူက 'အောင်မယ်၊ ဘုရား သခင် ကိုယ်တိုင်က အစ်မကို စကားပြောတာပေ့ါ'ဟု  လှောင်ပြောင်တဲ့ သဘောဖြင့် ပြောလိုက်သည်။

အမျိုးသမီးကလည်း **သမ္မာကျမ်းစာအုပ်သည် ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်** ဆိုတာ ဘယ်လို သက်သေပြရမှန် ချက်ခြင်းမသိတော့၊ တခဏ ငြိမ် နေသည်။ ပြီးနောက် နေရောင်ခြည်ကို လက်ညှိုးထိုးပြကာ၊ 'ဒါဟာ နေက ဖြစ်တယ်ဆိုတာသက်သေပြ နိုင်မယ်လား'ဟု ပြန်မေးသည်။ ထိုဖေါက် သည်က **'ဒါက လွယ်လွယ်လေး၊ နေက အလင်းနှင့်အပူပေးတယ်လေ။'**

အမျိုးသမီးကလည်း ဟုတ်တယ်၊ တကယ်မှန်ပါတယ်၊ **ဒါက သမ္မာကျမ်း စာဟာ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်ဖြစ်တယ်ဆိုတာ အကောင်းဆုံး သက်သေ ဘဲ၊  ကျွန်မကို အလင်းနှင့် နွေးထွေးမှုပေးတယ်။**





# ပေါင်မုန့်ထဲက သမ္မာကျမ်းစာ

ဘိုဟီးမီးယား (Bohemia) အရပ်မှာ ယန်းဟတ်စ် (HJan Hus) သည် ခရစ်ယာန် ပြန်လည် ပြုပြင်ရေးသမားနှင့် ခရစ်တော်ကြောင့် မာတုရအဖြစ်အသေခံသူ ဖြစ်သည်။  ခရစ်တော် အကြောင်းဟောပြောသက်သေခံချက်ကြောင့် ထောင်ပေါင်း များစွာသော သူတို့သည် မျက်စိပွင့်လင်း လာကြပြီး၊ ခရစ်တော်၏ပြီးပြည့်စုံသော ရွေးနှုတ်ခြင်း အမှုကို သိရှိယုံ ကြည်လာကြသည်။သူသည် ထိုအရပ်တွင် ကြာကြာ ဧဝံဂေလိဟောပြော သက်သေခံခွင့် မရရှိခဲ့ပါ။ သမ္မာကျမ်းစာ အုပ်ကို လိုက်လံ ရှာဖွေသိမ်းဆည်း ဖျက်ဆီးနိုင်ဖို့ ခရစ်ယာန်များကို နှိပ်စက် သတ်ဖြတ် ကြသည်။ ယန်းဟတ်စ်ကိုယ်တိုင်လည်း စင်ပေါ်မှာမီးရှို့အ သတ်ခံရသည်။



ထိုအချိန်တွင် ဘုရားသခင်၏နှုတ်ကပတ်တော်သည် မိမိ၏တန်ဖိုး အကြီးဆုံးဘဏ္ဍာဟု ခံယူသူအမျိုးသမီး တစ်ဦးသည် ပေါင်မုန့် ဖုတ်ရန် ပေါင်းအိုးမီးဖို (oven) ရှေ့ ၌ ထိုင်နေစဉ်၊ ခရစ်ယာန် မုန်းတီးသော လူတစ်စုသည် ရွာထဲသို့ ဝင်လာကြပြီး၊ ကျမ်းစာရှိသမျှကို ဖျက်ဆီးရန် ခရစ်ယာန်များကို လိုက်လံဖမ်းဆီးကြသည်ဟု ကြားသိရသည်။

ထိုကြောင့် သူမ၏ကျမ်းစာအုပ်ကို နယ်ထားသော ဂျုံမုန့်ထဲ ကဗျာကယာနှစ်ထည့်ပြီး ပေါင်းအိုးမီးဖိုထဲ ထည့်လိုက်သည်။ ထိုသို့လုပ်ကိုင်နေစဉ် ညှင်းပန်းနှိပ်စက်သူများ ရောက်လာကြသည်။

တအိမ်လုံး သန်းရှာသကဲ့သို့ ဘီးစိပ်တိုက် လိုက်ရှာသည်။ အိမ်မိုး အိမ်အောက်ထိ လိုက်ရှာကြသည်၊ သို့သော် မတွေ့ရှိကြ။

ထိုသူများ ပြန်လည် ထွက်ခွာကြသောအခါ ပေါင်းအိုးမီးဖိုထဲမှ ပေါင်မုန့်ကို ထုတ်ယူသည်။ မီးအိုင်ထဲသို့ ချပစ်ခြင်းခံရသော ရှာဒရက်၊မေရှက်၊အဗေနေဂေါတို့ သုံးဦးကဲ့သို့ ပေါင်မုန့် ကျက်သော်လည်း သမ္မာကျမ်းစာအုပ်သည် အနည်းငယ်သာ ထိခိုက်မှုရှိသည်။ သမ္မာကျမ်းက မီးအိုင်ထဲမှ ဘေးမသိရန်မခလွတ်မြောက်သည့် အကြောင်း ပြောပြသည်။

ကျမ်းစာ - ဒံ၊ ၃

**အကျွန်ုပ်၏ဘုရားသခင် ထာဝရဘုရား ကိုယ်တော်ကို အကျွန်ုပ်ခိုလှုံပါ၏။ အကျွန်ုပ်ကို ညှဉ်းဆဲသူ အပေါင်းတို့၏လက်မှ အကျွန်ုပ်ကို နှုတ်ယူ၍ ကယ်တင်တော်မူပါ။**

ကျမ်းစာ - ဆာလံ၊ ၇း၁



# ရန်လိုတတ်တဲ့ မျက်စိ

ပီတာက ‘ကျမ်းစာဟာ ငါ့အတွက် မဟုတ်ဘူး၊ ရေးသားထားတာ များလွန်း ပေမဲ့ ငါတခုမှ နားလည်ဘူး”ဟု သူငယ်ချင်းထံ ဆိုသည်။ ကိုပီတာက အကြောင်း မရှိအပြစ်ရှာနေတယ်ဆိုတာ သိပြီးသားပါ။

သူငယ်ချင်းဖြစ်သူ ကိုကဲသာက တစ်ချက်စဉ်းစားလိုက်တယ်။ မနေ့က သူ့ အိမ်နီးနားက တစ်စုံတစ်ခုကို ကိုပီတာ ခိုးခဲ့တာကို သတိရ၍၊ ဒါပေမဲ့ မင်း တစ်ခုလောက်တော့ နားလည်နိုင်ပါတယ်။ အဲဒီတစ်ခု လောက်က ဘာများလဲ လို့မေးတော့၊ ‘မခိုးရ’ဟု ပြန်ဖြေသည်။

ကိုပီတာရဲ့ နှလုံးသားဟာ မျှားနှင့်ပစ်လိုက်သလိုဘဲ ခံစားရသည်။ လွန်ခဲ့ သော အပြစ်များက အလိုလိုပျောက်ကွယ် သွားမည်လို့ ထင်ခဲ့သည်။

> သဘောကောက်သောသူသည် ကောင်းသောအကျိုးကို
> မတွေ့တတ်။ စကားလိမ်သောသူသည်
> ဘေးဥပဒ်နှင့် တွေ့ကြုံတတ်၏။
>
> ကျမ်းစာ - သု၊ ၁၇း၂၀

# လွှတ်ပစ်ခံရသော ကျမ်းစာအုပ်

ရထားဖြင့် ခွင့်နှင့်အိမ်ပြန်ကြသူ စစ်သားတို့သည် အချင်းချင်းနောက် ပြောင်၍ရင်း၊ ဟာသပုံတို ပတ်စပြော၍ရင်း၊ တဝါးဝါးပွဲစည်နေကြသည်။ စစ်သား တစ်ယောက်ကမူ အခန်းတောင့်တစ်နေရာမှာ ထိုင်၍ တကိုယ်တည်း အိတ်ဆောင်ကျမ်းစာအုပ် ဖတ်နေသည်။ အခြား စစ်သား တစ်ယောက်က ‘ငါမင်းနှင့်ဆော့ချင်တယ်’ ဆိုပြီး ရုတ်တရက် ကျမ်းစာအုပ်ကို လုယူကာ ပြူတင်းပေါက်သို့ လွှတ်ပစ်လိုက်သည်။ ထိုစစ်သားလေးသည် စိတ်ဆိုးသွားသလား။ စိတ်မဆိုးပါ။ သူ့သခင်က၊ ‘ငါသည်နူးညံ့သိမ်မွေ့သော သဘောရှိ၏။’ (မ၊ ၁၁း၂၉)။ အမှန်မှာ နှမြောတသ ဝမ်းနည်းနေသော်လည်း ဗွေမယူ၊ တိတ်ဆိတ် နေသည်။

**ရက်သတ္တပတ်အနည်းငယ်ကြာသော် - ကျမ်းစာအုပ်ကို သေသပ်စွာ**

ထုတ်ပိုးသည့် အထုတ်ဖြင့် ပြန်လည်ရရှိသည်။ အမှန်မှာ ရထားသံလမ်း အလုပ်သမားတစ်ဦးက ထိုကျမ်းစာအုပ်ကို ကောက်ရပြီး သေချာစွာ ဖတ်ရှုရာ ဘုရားသခင်၏နှုတ်ထွက်စကားက သူ့နှလုံးသားတို့ထိသွားသည်။ ထို မတိုင်မီ သူ့အပြစ်များက တချိန်လုံးတုန်လှုပ်စေသည်။ သို့သော် ကျမ်းစာ ဖတ်ပြီးအချိန်မှစ၍ ထိုအပြစ်များကို သခင်ယေရှု ရွေးနှုတ်တော်မူသော အားဖြင့်အပြစ်ခွင့်လွှတ်ခြင်း ရရှိကြောင်း နားလည်သဘောပေါက်သည်။ ရက်သတ္တပတ်အနည်းငယ် ကျမ်းစာမရှိဘဲ နေရခြင်း၏အကြောင်းရင်းကို နားလည် သွားသည်။ ဘုရားသခင်သည် လူတို့နှလုံးသား တို့ထိဖို့၊ မဟာရန်သူစာတန် မာရ်နတ်ကိုအောင်နိုင်ဖို့ အံ့ဩဘွယ်နည်းမျိုးစုံအသုံးပြုပါသည်။

> သင်တို့သည် ကျွန်ုပ်ကို ညှင်းဆဲမည်ကြံကြသော်လည်း
> --- ကျေးဇူးပြုမည် ကြံတော်မူ၏။ ကျမ်းစာ - က၊၅၀း၂၀

# ဆုတ်ဖြဲပစ်သော ကျမ်းစာအုပ်

နှစ်ပေါင်းများစွာတုန်းက မြို့ငယ်လေးတစ်မြို့တွင် အိမ်ပစ္စည်းမျိုးစုံ လေလံတင်ရောင်းသည်။ ဟောင်းနွမ်းသော ရှေးခေတ်က ကျမ်းစာအုပ်ကြီး တစ်အုပ်လည်းပါသည်။သို့သော် ထိုကျမ်းစာအုပ်ကို မည်သူမျှ စိတ်မဝင်စားကြ။ နောက်ဆုံးတွင် ကုန်သည် တစ်ဦးက၊ ဈေးစစ်ကာငွေအနည်းငယ်နှင့် ထိုကျမ်းစာအုပ်ကြီးကို အိမ်ပြန်ယူလာနိုင်သည်။ ကိုကုန်သည်က



သူ့ရဲ့ရောင်းကုန် ပစ္စည်းများ ထုတ်ပိုးဖို့ ကျမ်းစာ ရွက်များကို အသုံးပြုသည်။ ဘယ်လောက်ပင်တန်ဖိုးရှိသည်ကို နားမလည်ပေ။ ဘုရားသခင်က **‘ငါ၏နှုတ်ကပတ်တော်စကားသည် အကျိုးမရှိဘဲ ငါ့ထံသို့ မပြန်ရ’**ဟု ဆိုသည်။ (ဟေရှာ ၅၅း၁၁)

ထိုမြို့ထဲတွင် လူတစ်ဦးသေဆုံးမှုအတွက် စိတ်ဝေဒနာခံစားနေသူ တစ်ဦးရှိသည်။ ထိုအကြောင်းကြောင့် နေ့ညမအိပ်နိုင်မစားနိုင်ဖြစ်သည်။ ‘လူသတ် သမား’ ဆိုတဲ့စကားလုံးက တချိန်လုံး သူ့ရင်ထဲမှာ ဆူးထိုးနေသည်။ တစ်နေ့ သောအခါ ထိုကုန်ပစ္စည်းဆိုင်တွင် တစ်ခုခု ဝယ်ဖို့ သားကို စေလွှတ်၍ သားဝယ်တဲ့ပစ္စည်းများကို ကျမ်းစာရွက်များနှင့် သေချာထုတ်ထားသည်။ မထင်မှတ် ဘဲ၊ ဟေဗြဲ ၉း၂၂ ‘အသွေးမသွန်းလောင်းဘဲ အပြစ်ဖြေရာမရှိ’ ဆိုတဲ့ကျမ်းပိုဒ်လေး ထင်ထင်ရှားရှား မြင်မိသည်။

ပထမတွင် ထိုကျမ်းကို နားမလည်နိုင်ပေမဲ့ ခွင့်လွှတ်ခြင်းတရားလိုက်ရှာနေသည်။ ဘယ်လောက်ဘဲ ကုန်ကျပါစေ၊ ထိုတရားအကြောင်း သိကိုသိရမည်ဟုဆိုကာ၊ သားကို နောက်တခါ ဈေးဝယ်ဖို့ လွှတ်ပြန်သည်။ ထိုကုန်သည်ကလည်း ကုန်ပစ္စည်း ထုတ်ဖို့ ရှင်ယောဟန် ပထမ စောင်ကို ဖြဲစပြုနေသည်။ **“ဘုရားသခင်၏ သားတော် ယေရှုခရစ်၏အသွေးတော်သည် ငါတို့အပြစ်ရှိသမျှကို ဆေးကြောတော်မူ၏။”** ‘ကိုယ့် အပြစ်တို့ကို ဖေါ်ပြတောင်းပန်လျှင် ငါတို့အပြစ်များကို လွှတ်၍ ဒုစရိုက်ရှိသမျှနှင့် ကင်းစင်စေခြင်းငှါ ဘုရားသခင်သည် သစ္စာတရားနှင့်ရင်း၊ ဖြောင့်မတ်ခြင်းတရားနှင့်ရင်း ပြည့်စုံတော်မူ၏။’ (၁ယော ၁း၇၊၉)။

ထိုထုတ်ပိုးမှ ဤကျမ်းပိုဒ်ကို ဖတ်ရှုသောအခါ တချိန်လုံး ခံစားနေသော ဝန်ထုတ် ဝန်လေးကြီး ကျသွားသည်။ အမှောင်ထု၌လွှမ်းမိုးနေသော သူ့ဘဝထဲ အလင်းတန်း ဝင်လာသည်။ လက်ဝါးကပ်တိုင်ပေါ် သွန်းလောင်းသော သခင်ယေရှုခရစ်တော်၏အသွေးတော်ကအပြစ်ရှိသမျှကို ဆေးကြောနိုင်သည်ဟု နားလည်သဘောပေါက် သွားသည်။ ထိုနည်းတူ မိမိတို့အပြစ်များကို ဝန်ချတောင်းပန်သူတိုင်းစိတ်၏ချမ်းမြေ့ ငြိမ်သက်ခြင်းအမှန် ရရှိနိုင်သည်။

ဘုရားသခင်၏ နှုတ်ကပတ်တော်သည် သန်းပေါင်းများစွာသောလူတို့အတွက် ကောင်းချီး မင်္ဂလာဖြစ်ပါသည်။ တခါတလေ ကျမ်းပိုဒ် တစ်ခုတည်းနှင့်သော်ရင်း၊ တစ်ပုဒ်လုံးဖြင့် သော်ရင်း ခံစားနိုင်သည်။ ‘ဘုရားသခင်၏နှုတ်ကပတ်တရားတော်သည် အသက်ရှင်ခြင်း၊ စိတ်ဝိညာဉ်ကိုရင်း၊အရိုးဆစ်နှင့်ခြင်ဆီကိုရင်း ထုတ်ချင်းခွင်းတတ်၏။ (ဟေဗြဲ ၄း၁၂)။ ဤနည်းဖြင့် စိတ်ခိုင်မာသူ၊ ကြမ်းတမ်းသောသူတို့ကို ‘ထုတ်ချင်းခွင်းတတ်’သည်။

စုတ်ပြဲစ ကျမ်းစာရွက်ကလည်း လူတို့ကို စစ်မှန်တဲ့ ပျော်ရွှင်ဝမ်းမြောက်ခြင်း ပေးနိုင်သည်။

## ဘုရားသခင်၏နှုတ်ကပတ်တော်သည် သမ္မာတရား

ဘုရားသခင်၏နှုတ်ပတ်တော်သည် သမ္မာတရားဖြစ်သည်။ လူတစ်ဦးခြင်း၏ အသိတရားကို ခွင်း၍ အမှားကိုပြသည်။ ထိုအခါ သူတို့သည် မောပန်းနွမ်းနယ် လာသည်။ ထိုအကြောင်း ကြောင့် လူအများတို့သည် ကျမ်းစာကို ကြောက်ကြသည်။ ၎င်းဖေါ်ပြသောအကျိုးဆက်များကို ကြောက်၍ ကျမ်းစာကို သုတ်သင် ပယ်ရှင်းလိုကြသည်။

## ထာဝရတည်မြဲသော ဘုရားသခင်၏နှုတ်ကပတ်တော်

ဘုရားသခင်သည် နှုတ်ကပတ်တော်ကို ကွယ်ကာစောင့်မတော်မူသောကြောင့် ဘယ်တော့မှ မပျက်စီးနိုင်။

သမ္မာကျမ်းစာကို ဝေဖန်တိုက်ခိုက်နေသော စာအုပ်များကို တစ်အုပ်ချင်း ထပ်၍ ပုံလျှင် ဂီဇာပီးရမစ်ထက် မြင့်မားမည်ဖြစ် သည်။ပြီးနောက် ကျမ်းစာကို ထိုအပုံ ဘေးနားမှာ ထားပါ။ ကျမ်းစာအုပ်သည် မပျက်စီးနိုင်သော စာအုပ်ဖြစ်သည်။ ရန်သူများကို ကျော်လွန်၍ အောင်မြင်ခြင်း ပေးနိုင်သော စာအုပ်ဖြစ်ကြောင်း တွေ့ရပါလိမ့်မည်။





**ထာဝရဘုရား၏ နှုတ်ကပတ်တော်မူကား ထာဝရအစဉ်အမြဲတည်၏။**

ကျမ်းစာ - ၁ပေ၊ ၁း၂၅

**အိုထာဝရဘုရား၊ နှုတ်ကပတ်တော် သည် ကောင်းကင်ဘုံ၌ အစဉ်အမြဲတည်ပါ၏။**

ဆာလံ၊ ၁၁၉း၈၉

**နှုတ်ကပတ်တော်အလုံးစုံတို့သည် ဟုတ်မှန်ပါ၏။ တရားသဖြင့် စီရင်တော်မူချက် ရှိသမျှတို့သည် အစဉ်အမြဲတည်ကြပါ၏။**

ကျမ်းစာ - ဆာလံ၊ ၁၁၉း၁၆၀

# သမ္မာကျမ်းစာသည် --- ကဲ့သို့

## မုန့်

ကောင်းကင်မှဆင်းသက်သောမုန့်ကို စားသော
သူသည် သေခြင်းမှ ကင်းလွတ်၏။ ယော၊ ၆း၅၀



## မီး



ငါ၏ စကားတော်သည် မီးကဲ့သို့ မဟုတ်လောဟု
ထာဝရဘုရားက မေးတော်မူ၏။ ယေ၊ ၂၃း၂၉

## အလင်း

နှုတ်ကပတ်တော်သည် အကျွန်ုပ်ခြေရှေ့မှာ မီးခွက်
ဖြစ်၍ အကျွန်ုပ်လမ်းခရီးကို လင်းစေတော်မူ၏။
ဆာလံ၊ ၁၁၉း၁၀၅



## နို့



နှုတ်ကပတ်တော်တရား၏ နို့စစ်အားဖြင့် ကြီးထွားမည်
အကြောင်း ဖွားစသူငယ်ကဲ့သို့ တရားနို့စစ်စစ်ကို လိုချင်
စိတ်ရှိကြလော့။ ၁ပေ ၂း၂

## ပျားရည်

... ပျားရည်ထက်မက ပျားလပို့ထက်ချို၏။ ဆာလံ ၁၉း၁၀






## ရွှေ

ရွှေထက်မက များစွာသော ရွှေစင်ထက်
နှစ်သက်ဘွယ်ရာဖြစ်၏။ ဆာလံ ၁၉း၁၀



## ငွေ



ထာဝရဘုရားမိန့်တော်မူချက်တို့သည် သန့်ရှင်း
ခြင်းရှိ၍ မြေနှင့်ကင်းစင်စေခြင်းငှါ မိုက်၌ခုနစ်ကြိမ်
စစ်သော ငွေကဲ့သို့ ဖြစ်ကြ၏။ ဆာလံ၊ ၁၂း၆

## ကြေးမုံ

ဘုရားသခင်၏နှုတ်ကပတ်တော်သည် --ငါတို့ကို
စစ်ကြောစီရင်တော်မူ သောသူရှေ့၌ မထင်ရှားသောအရာ တစ်စုံ
တစ်ခုမျှမရှိ။ ခပ်သိမ်း အရာတို့ သည် အကွယ်အကာမရှိဘဲ
မျက်မှောက်တော်၌ လှန်ထားလျက်ရှိကြ၏။ ဟေဗြဲ၊ ၄း၁၂၊၁၃



## တူ



ငါ၏ စကားတော်သည် ကျောက်ကို ထုချေသော
သံတူကဲ့သို့ ထုချေသည်မဟုတ်လော။ ယေ၊ ၂၃း၂၉

## ဓါး

ဘုရားသခင်၏နှုတ်ကပတ်တော်တည်းဟူသော
ဝိညာဉ်တော်၏ဓါး။ ဟေဗြဲ၊ ၄း၁၂



## မျိုးစေ့



မပေါက်ပြန်မပျက်စီးတတ်သော မျိုးစေ့တည်းဟူသော
အသက်ရှင်၍ အစဉ်အမြဲတည်တော်မူသော ဘုရား
သခင်၏နှုတ်ကပတ်တော် . . ၁ပေ၊ ၁း၂၃

# ကျမ်းစာဖတ်နည်း

ဘုရားသခင်နှင့် တိုက်ရိုက်ဆက်ဆံနိုင်ရန် ကျမ်းစာဖတ်ပါ။ ဥပမာ၊ သခင် ယေရှု၏ သက်တော်စဉ်နှင့် ပတ်သက်၍ ခရစ်ဝင်ကျမ်း ရှင်လုကာမှ အစ ဖတ်ကြည့်။ ဓမ္မသစ်ကျမ်းသည် ဓမ္မဟောင်းကျမ်းကို နားလည်ရန် အဓိကသော့ချက် ဖြစ်သည်။

သမ္မာကျမ်းစာကို အကျိုးရှိရှိ ဝမ်းမြောက်ပျော်ရွှင်စွာ ဖတ်လိုလျှင် အောက်ပါအချက် (၇)ချက်က ကူညီပေးနိုင်ပါလိမ့်မည်။



## ၁။ ဘာသာပြန်ဆိုသောကျမ်း အကောင်းဆုံးကို အသုံးပြုပါ

မူရင်းကျမ်းမူနှင့်အနီးစပ်ဆုံး ဘာသာပြန်ဆိုသောကျမ်းဖြစ်တဲ့ နားလည်နိုင်တဲ့ ကျမ်းစာအုပ်ကို အသုံးပြုပါ။ (ကျမ်းစာတရားဟောချက်နှင့်မကိုက်ညီသော ခြားနားတဲ့ ကျမ်းစာအုပ်များစွာ ထုတ်ဝေမှု ရှိခြင်းသည် ဝမ်းနည်းစရာဖြစ်သည်။)

## ၂။ အချိန်ယူပါ

ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ဖို့ရန် တစ်နေ့တွင် တစ်နာရီ၏ လေးပုံတစ်ပုံဖြစ်သော ၁၅မိနစ်လောက် ငြိမ်ဝပ်စွာရှိနိုင်သည့် အားလပ်ချိန်ကို ယူတတ်ပါ။တစ်ရက်တွင် ၉၆ လေးပုံတစ်ပုံနာရီရှိသည်။ တစ်ပုံလောက်တော့ ဘုရားသခင်ကို ပေးပါ။ ဘုရားသခင်က သင့်ကို စကားပြောချင်ပါသည်။

## ၃။ တိတ်ဆိတ်စွာရှိသည့် နေရာလိုသည်

> **တိတ်ဆိတ်သည့် နေရာတွင် ကျမ်းစာဖတ်ပါ။**

အွန်လိုင်းမှ ဒေါင်းလော့လုပ်ပြီး ကျမ်းစာဖတ်လို့ရပေမဲ့၊ စိတ်အနှောက်ယှက်များသည်။ ကျမ်းစာအုပ်ကိုဖတ်လျှင် ပိုပြီးအာရုံစိုက်နိုင်သည်။



## ၄။ ဘုရားသခင်ထံ ဆုတောင်းပါ

> **သင်ဖတ်နေသောကျမ်းစာကို နားလည်နိုင်ရန် ဘုရားသခင်အား ဆုတောင်းပါ**

ကျမ်းရေးသူ ဘုရားသခင်ထက် ပိုပြီးရှင်းလင်းအောင် ပြောပြနိုင်သူမရှိပါ။

> **ကျွန်ုပ်ကိုဘာပြောလိုသနည်း။ လက်တွေ့ဘယ်လိုကျင့်သုံးရမည်နည်း။ ဘုရားသခင်အား ဆုတောင်းပါ။**

ဘုရားသခင်တစ်ဦးတည်းကသာ သင်၏စိတ်နှလုံးကို မြင်၍ သင်ယခုကြုံတွေ့နေသော ဒုက္ခဝေဒနာများကို နားလည်ပေးသည်။

> **တန်ဖိုးကြီးမားသော နှုတ်ကပတ်တော်အတွက် ဘုရားသခင်ကို ကျေးဇူးတင်ပါ။**

ကျမ်းစာဖတ်ခြင်းက ကောင်းချီးနှင့် အကျိုးများစွာ သက်ရောက်စေပါသည်။ ဆာလံ၊၁၁၉း၁၆၂

## ၅။ ကျမ်းစာအပေါ် အာရုံစူးစိုက်ပါ

> **သင်ဖတ်ခဲ့တဲ့အရာကို ဆင်ခြင်ပါ။**

လျင်လျင်မြန်မြန်ဖတ်လျှင် အနည်းငယ်သောအကျိုးရှိမည်၊ ဆာလံ၊၁၁၉း၁၅၊၂၇၊၄၈

> **အရေးကြီးတဲ့ကျမ်းပုဒ်နှင့် သက်ဆိုင်တဲ့အချက်များကို လိုင်းတား၍ မှတ်ချက်ယူပါ။**

နောင် လိုအပ်လာလျှင် ထိုကျမ်းပုဒ်ကို လွယ်လွယ်ရှာတွေ့နိုင်မည်။ ပိုပြီးတော့လည်း မှတ်မိနိုင်မည်။

## ၆။ အလွတ်ကျက်ပါ

> **သင့်အတွက်အရေးကြီးသည်ဟု မှတ်ယူသော ကျမ်းပုဒ်ကို အလွတ်ကျက်ပါ။**

ထိုကျမ်းပုဒ်ကို အချိန်တိုင်း ပြန်လည်မှတ်မိနိုင်မည်။ လိုအပ်သော အခြေအနေများတွင် သင့်ဘဝကို မစကူညီပေးပါလိမ့်မည်။ ဆာလံ၊ ၁၁၉း၁၁၊ ကော၊ ၃း၁၆

## ၇။ လက်တွေ့ကျင့်သုံးပါ

> **ကျမ်းစာအားဖြင့် သင့်ကို ဘုရားသခင်လမ်းပြသည့်အတိုင်း လိုက်လျှောက်ပါ။**

ဘုရားစကားတော် နာခံခြင်းက သင့်ကို ပျော်ရွှင်ခြင်း ပေးပါမည်။ ထိုအခါ ဘုရားသခင်နှင့် နက်ရှိုင်းတဲ့ ဆက်ဆံရေးရှိလာမည်။ ယာ ၁း၂၂

ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို
နာ၍ကျင့်စောင့်သောသူသည်
မြတ်စွာသောမင်္ဂလာရှိသည်။ လု၊ ၁၁း၂၈

## ဆုံးဖြတ်ချက်ချရန် တောင်းဆိုခြင်း

ဘုရားသခင်၏ ပေးစာဖြစ်သော သမ္မာကျမ်းစာနှင့် ပတ်သက်၍ အကျိုးအကြောင်းများ၊အကြံပြုချက်များစွာ သိရှိပြီးဖြစ်သည်။ ယခု ဘုရားသခင်ကို အဖြေပေးစေချင် ပါသည်။ နောက်မှ စဉ်းစားမည်ဟု မဆိုမိပါရစေ။ ဘုရားစကားတော်နာခံခြင်း သည် ဘဝအတွက် ဘယ်လောက်အရေးပါကြောင်း နားလည်လောက်ပါပြီ။ နောင် တစ်ချိန်ဆိုတာ ရှိချင်မှရှိမည်မိတ်ဆွေ။ဘုရားသခင်သည် သင့်ထံသို့လာချင်ပါသည်။ သင့်ကို စီရင်ဖို့မဟုတ်ဘဲ၊ ကျေးဇူး တရား၊ ကြင်နာခြင်းတရားနှင့် သင့်ထံသို့လာချင်ပါသည်။ ငါ့ထံသို့ လာပါလို့လည်း ခေါ်နေပါသည်။ သို့သော် အကြောင်းအမျိုးမျိုးပြ၍ ဘုရားသခင်၏တရားတော်ကို ပယ်ချမည်ဆိုရင် ဘုရားသခင်နှင့်အဝေးဆုံး တစ်နေရာဖြစ်တဲ့ အပယ်ငရဲပြည်သို့ အဆုံးသတ်မည် ဖြစ်သည်။

ဘုရားသခင်က သားတော်သခင်ယေရှုခရစ်အားဖြင့် သင့်ကို ကမ်းလှမ်းနေပါသည်။ ရိုးရိုးလေးစကားလုံးများနှင့် ဆုတောင်းပြီး၊ သင်၏အပြစ်အားလုံး ခွင့်လွှတ်ခြင်း ရရှိနိုင်ပါသည်။ ကိုယ်တော်ကို ပြစ်မှားပါပြီဟု ဝန်ချလိုက်ပါ။ စိတ်နှလုံးရင်းဖြင့် ဝန်ချတောင်းပန်မည်ဆိုရင်သင့်အပြစ်ရှိသမျှကိုမုချခွင့်လွှတ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် အပြစ်ကြွေးရှိသမျှ ဆပ်ဖို့ရန် လက်ဝါးကပ်တိုင်ပေါ် အသေခံပြီး ဖြစ်သည်။
ယုံကြည်ခြင်းဖြင့်လက်ခံလျှင် ဘုရားသခင်နှင့် ပျော်ရွှင်စွာ မိတ်သဟာယဖွဲ့ဖို့ ကောင်းကင်တံခါးသည် သင့်အတွက် ဖွင့်ထားပါသည်။ သို့ဖြစ်လျှင် သင်သည် ရည်ရွယ်ချက်ရှိသော ဘဝကို ပိုင်ဆိုင်သူဖြစ်ပါမည်။



ဘုရားသခင်က မိတ်ဆွေကို သူ့စာဖြစ်တဲ့ သမ္မာကျမ်းစာအားဖြင့် စကားပြော နေတယ်ဆိုတာ သင့်ကို စိတ်ဝင်စားနေလို့ပါ မိတ်ဆွေ။ သင့်ကို ကယ်တင်ချင်သည်၊ စစ်မှန်သည့် ငြိမ်သက်ခြင်းကို ပေးချင်သည်။ ကိုယ်တော်က သင့်ကို အမှန်ချစ်သည်၊ စောင့်ရှောက်လိုသည်။ ကျေးဇူးပြု၍ အကြောင်းပြချက်မရှိဘဲ စိတ်နှလုံးတခါးဖွင့်လျက် ကျမ်းစာကို ဖတ်ပါ။ နှုတ်ကပတ်တော်အားဖြင့် လက်ခံယုံကြည်ပြီဖြစ်လို့ ဆုတောင်းခြင်းဖြင့် ကျေးဇူးတော်ချီးမွမ်းပါ။ ထိုသို့ပြုခြင်းသည် ဘုရားသခင်အတွက် အပျော်ဆုံးအမှုဖြစ်သည်။

> ကောင်းကင်သားတို့သည် --နောင်တရသောလူဆိုး
> တယောက်၌ သာ၍ဝမ်းမြောက်ခြင်းရှိ၏။
> ကျမ်းစာ - လုကာ၊ ၁၅း၇



အကယ်၍ ဘုရားသခင်ထံ ဤသို့ဆိုနိုင်လျှင် သင့်အတွက် ပျော်ရွှင်ခြင်း ဖြစ်ပါသည်။

**အကျွန်ုပ်သည် ကိုယ့်အပြစ်ကို ရှေ့တော်၌ဝန်ချပါ၏။ ပြုမိသော ဒုစရိုက်ကို ဝှက်မထားပါ။ လွန်ကျူးသောအရာကို ထာဝရဘုရားအား ဖေါ်ပြတောင်းပန်မည်ဟု ပြောဆိုသောအခါ ကိုယ်တော်သည် အကျွန်ုပ် ပြစ်မှားသောအပြစ်ကို လွှတ်တော်မူ၏။**

ကျမ်းစာ - ဆာလံ၊ ၃၂း၅

**ဘုရားသခင်၏ထာဝရတည်သော ကတိတော်များသည် သင့်အတွက် လည်း ဖြစ်လာပါသည်။**

ထာဝရအသက်ကိုလည်း ငါပေး၏။ ထိုသိုးတို့သည် ပျက်စီးခြင်းနှင့် အစဉ် ကင်းလွတ်ကြလိမ့်မည်။ အဘယ်သူမျှ ထိုသိုးတို့ကို ငါ့လက်မှ မနှုတ်မယူရာ။

ကျမ်းစာ - ယော၊၁၀း၂၈

ငါသည်လည်း ကပ်ကမ္ဘာကုန်သည့်တိုင်အောင် သင်တို့နှင့်အတူ အစဉ်မပြတ်ရှိသည်။

ကျမ်းစာ - မဿဲ၊ ၂၈း၂၀



## - သင့်အတွက် စာတစ်စောင် -

**- အခြားအခြားသောစာပေများကို -**

**ဘာသာစကားမျိုးစုံဖြင့်**

**ရရှိနိုင်ပါသည်။**




**GBV Dillenburg GmbH**
Eiershäuser Straße 54
35713 Eschenburg
GERMANY
www.gbv-dillenburg.de
www.gbv-online.org

ISBN 978-3-96162-978-7

GBV 164 4010 A Letter for You Burmese